# Leo
# ဝံ-ဓာရာဂီတို



၂၀၁၃ ခုနှစ် ၁၂ ရာသီဟောကိန်း

**ဆိုက်ရှာဒီ**

ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက်

အနောက်တိုင်းသဘာဝနက္ခတ်

# Libra

## ဝံ-ဓာဃီတို



၂၀၁၃ ခုနှစ် ၁၂ ရာသီဟောကိန်း

## တူရာသီ

စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက်

အနောက်တိုင်းဘာသာပြန်

www.shweoo.net

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်
သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်
တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




ဦးမြင့်သန်း
Print House Offset (မြဲ - ၀၅၆၉၆)
အမှတ်-၁၁၅ ကျွေးရားစင်းသာကြီး မောင်ပြုံးလမ်း၊ ဝက်မွှတ်- ၂
လှိုင်သာယာမြို့နယ် ရန်ကုန်မြို့

ဦးအောင်ကို
ပုံနှိပ်ထုတ်ဝေသော စာပေတိုက် (ယာယီ - ၀၀၆)
၁၁၂ မိုလမ်း အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

ဖြန့်ချိဖြန့်ချီရေး
အမှတ်- ၂၈၆(ရွှေဦးထပ်)၊ လမ်း-၄၁(အထက်)၊ ရန်ကုန်မြို့
ဖုန်း – ၀၉၅၀၁၁၂ ၃၉၁၁၃၉၊ ၀၉ ၈၆၁၀၄၈၈
စောင်ရေ (၁၀၀၀)

| | |
|---|---|
| တန်ဖိုး | - ၇၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၁၂ အောက်တိုဘာလ |
| မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း | - Prodigy |
| ကွန်ပျူတာစာစီ | - စိုးနိုင်၊ ကျော်စွာလင်း |
| မျက်နှာဖုံးကာလာချွဲ | - KaBoOo CTP |
| အတွင်းခေါင် | - Color King |

ဝံ-ဇာကီတို ၁၉၀
၂၀၁၃-ခုနှစ် ၁၂-ရာသီဟောကိန်း/ဝံ-ဇာကီတို၊ ရန်ကုန်၊
ပုံနှိပ်ထုတ်ဝေသောစာပေ၊ ၂၀၁၂။
၁၁၀ စာ၊ ၅ × ၂၁ စင်တီမီတာ။
(၁) ၂၀၁၃-ခုနှစ် ၁၂-ရာသီဟောကိန်း




www.shweo.net

၂၀၁၃ ခုနှစ်

# ဝံ-ဇာကီတို

## ၁၂-ရာသီဟောကိန်း



## တူရာသီဖွား

Sept 23rd မှ Oct 23rd

သီတင်းကျွတ်လ




www.shweo.net

# တူရာသီဖွား
# LIBRA

အနောက်တိုင်းသာယနစနစ်အလိုအရ စက်တင်ဘာ (၂၃) မှ အောက်တိုဘာ (၂၃) ရက်ကြား မွေးဖွားသောသူများကို တူရာသီဖွား Libra များဟုသတ်မှတ်သည်။ သောကြာဂြိုဟ် Venus မှ ကြီးစိုးပိုင်ဆိုင်သည်။ စနေဂြိုဟ် Saturn ၏ အားကောင်းသောဥစ်အိမ်ဖြစ်သည်။ လေ - ဝါယော - ဓာတ်ဖို Positive Air ဓာတ်သဘာဝကိုပိုင်ဆိုင်သည်။ ကောင်းကင်ထက်မှ လင်းလက်နေသောကြယ်တို့သည် ချိန်ခွင်ပုံရာသီရုပ် ပေါ်ထွန်းသည်။ ကြယ် (၄) လုံးမြဲရှိ၍ ထွန်းလင်းသည်။

တူရာသီဖွားများသည် အရာရာအပေါ် သမာသမတ်ကျစွာ တွေးခေါ်သုံးသပ်၍ တရားမျှတစွာဆုံးဖြတ်ဆောင်ရွက်တတ်သူများဖြစ်ပေရာ (The Cosmic Judge) မဟာစကြဝဠာ သမာဓိတရားရှင်များဟု သတ်မှတ်သည်။ ဆက်စပ်နေသောဝန်းကျင်နှင့် ကမ္ဘာလောကအပေါ် တည်ငြိမ်အေးချမ်း၍ ပျော်ရွှင်ငြိမ်းချမ်းမှုကို ဖန်တီး

www.shweo.net

သူများဖြစ်ပေရာ (Peacemaker) များဟူ၍လည်း သတ်မှတ်သည်။ ချစ်ခြင်းမေတ္တာ၏စွမ်းပကားနှင့် လောကအလှကိုဖော်ကျူးနိုင်စွမ်းရှိသူများဖြစ်သည်။ ဖြူစင်သိမ်မွေ့အေးချမ်းသောနှလုံးသားကို ပိုင်ဆိုင်သူဖြစ်သည်။ လူသားအချင်းချင်း စာနာနားလည်မှုအပြည့်နှင့် ဆက်ဆံလေ့ရှိသည်။ သာတူညီမျှမှုအတွက် ရင်ဆိုင်တိုက်ပွဲဝင်ရန် ထာဝရအသင့်ရှိသူများဖြစ်သည်။ ဓာတ်ဖိုသဘာဝစိုးမိုးသူများဖြစ်ပေရာ ထက်မြက်သည်။ အလွယ်တကူအလျှော့မပေး။ "စရ" သဘာဝလွှမ်းမိုးမှုအောက်တွင် မွေးသူများဖြစ်ပေရာ ဖြစ်ပေါ်လာသောအခြေအနေတို့ကို အချိန်နှင့်တပြေးညီပြောင်းလဲ၍ သွက်လက်စွာဆောင်ရွက်နိုင်သော အစွမ်းအစရှိသည်။ ဤမူလသဘာဝကိုအခြေခံသော တူရာသီဖွား (၅) မျိုးရှိသည်။

- ■ LIBRA THE BEAUTY
- ■ LIBRA THE PERFECTIONIST
- ■ LIBRA THE SOCIETY
- ■ LIBRA THE THEATRE
- ■ LIBRA THE DRAMA AND CRITICISM ဟူ၍

(၅) မျိုးခွဲခြားထားပါသည်။



### ■ LIBRA THE BEAUTY

စက်တင်ဘာ (၂၃၊ ၂၄) ရက်တွင်မွေးသောသူများသည်လောကကြီးကို အလှဆင်နိုင်စွမ်းရှိသည့်အမြင်ကြမ်းတမ်းမှုနည်းပါးသော ဘဝအလှကိုပိုင်ဆိုင်သူများဖြစ်ပေရာ The Beauty များဟူ၍သတ်မှတ်သည်။ ကန်ရာသီ ၃၀-ဒီဂရီမှ တူရာသီ ၂-ဒီဂရီအတွင်း ရာသီစွင်နှစ်ခုဆက်စပ်သောအနေအထားတွင် မွေးသူဖြစ်ပေရာ Virgo-Libra Cusp များဟူ၍ခေါ်သည်။ ရာသီစွင်နှစ်ခု၏အမည်ကိုပူးတွဲ၍ "ဗာလီဘီးရန်းစ်" Virlibrans များဟူ၍လည်းခေါ်ဆိုသည်။

ထက်မြက်သောသဘာဝရှိသည်။ အလှအပနှင့်အနုစိတ်ဖော်ဆောင်မှု ပါရမီမြင့်မားသည်။ အနုပညာနှင့်ပတ်သက်သောဇီဇပါရမီနှင့် ဖန်တီးမှုစွမ်းရည်မြင့်မားသည်။ အာရုံခံစားမှုအရှိန်အဝါ မြင့်မားသည်။ အကင်းပါးသည်။ စိတ်ခံစားချက်အပေါ် အလေးအနက် ဦးစားပေးသူဖြစ်သည်။ အစွဲအလမ်းကြီးသည်။ အာရုံညွတ်ရာနောက် စိတ်လိုက်မာန်ပါ ဆုံးဖြတ်ဆောင်ရွက်သော စရိုက်ရှိသည်။ ဦးစားပေးနားလည်မှုရှိသူအပေါ် အလေးထား၍ဆက်ဆံတတ်သည်။ ဂုဏ်သိက္ခာအပေါ် ကောင်းစွာနားလည်၍ သိက္ခာ

www.shweo.net

ကျက်သရေမြင့်မားသူအပေါ် ဦးစားပေး၍ဆက်ဆံတတ်သည်။ စိတ်အပြောင်းအလဲများသည်။ စိတ်လှုပ်ရှားလွယ်သည်။ သစ်လွင်သောဘာဝအခြေအနေကို အမြဲတစေ ကူးပြောင်းဆောင်ရွက်လေ့ရှိသည်။ ဖန်တီးမှုဉာဏ်ရည်မြင့်မား၍ မိဘလက်ငုပ်မှခွဲထွက်ကာ အဆင့်မြင့်အောင်မြင်မှုများ ဖြစ်ပေါ်စေနိုင်သည်။ စိတ်ခံစားချက် ပြင်းထန်လွန်းခြင်းများကို ပြုပြင်အပ်သည်။

## ■ LIBRA THE PERFECTIONIST

စက်တင်ဘာ (၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀)၊ အောက်တိုဘာ (၁၊ ၂) ရက်တွင်မွေးသောသူများသည် အရာရာအပေါ်စနစ်တကျပြည့်ပြည့်စုံစုံ တိတိကျကျလုပ်သူများဖြစ်ပေရာ The perfectionist စံချိန်စည်းမျဉ်းတို့ကိုအတိမ်းအပါးမရှိအောင် ဆောင်ရွက်သူများဟုခေါ်ဆိုသည်။ တူရာသီ ၃-ဒီဂရီမှ ၉-ဒီဂရီအတွင်းတည်ရှိသည်။ တူရာသီ၏အနှစ်သာရပထမပိုင်းတွင် မွေးသူများဖြစ်ပေရာ Libra-I များဟု၍သတ်မှတ်သည်။

ကိုယ်ပိုင်အရည်အသွေးကိုအသုံးချ၍ ထိတွေ့နေသောဝန်းကျင်အပေါ် လွှမ်းမိုးဆွဲဆောင်သူများဖြစ်



သည်။ ထူးခြားတင့်တယ်သည့်ဥပဓိရုပ်ကို ပိုင်ဆိုင်သည်။ ပြောဆိုသောစကား၊ ဆောင်ရွက်သောအကြောင်းအရာအလုံးစုံတို့သည် အခြားသူတို့နှင့်မတူဘဲ တမူထူးခြားစွာသပ်ရပ်ပီရိမှုများနှင့် စံထားရသောအဆင့်သို့ရောက်အောင်ဖန်တီးနိုင်စွမ်းရှိသည်။ သူတစ်ပါးတို့ အံ့သြလောက်အောင်ဆောင်ရွက်နိုင်သည့် အစွမ်းအစရှိသည်။ အသည်းမာသည်။ နှလုံးသားအေးစက်သည်။ အရာရာအပေါ်ခေါင်းအေးအေးထား၍ပြတ်သားစွာ ဆောင်ရွက်နိုင်ခြင်းရှိသည်။ အလျှော့ပေးသောသဘာဝမရှိ။ သူတစ်ပါးနှင့်မတူသော ယတိပြတ်ဆုံးဖြတ်ချက်များချမှတ်သည်။ သူတစ်ပါး၏ဝေဖန်မှုကို ခံယူနိုင်စွမ်းမရှိ။ အကြံပေးမှုကိုလည်းလက်မခံ။ ပေါ့ပေါ့တန်တန်လုပ်လေ့မရှိ။ ဇီဇာကြောင်တတ်သည်။ အကောင်းဆုံးသောအရာများကိုသာလိုလားသည်။ အမြင့်မားဆုံးသောရည်ရွယ်ချက်များကိုလည်း ထားရှိသည်။

## ■ LIBRA THE SOCIETY

အောက်တိုဘာ (၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀) ရက်တွင်မွေးသောသူများသည် ပတ်ဝန်းကျင်နှင့်သင့်တင့်လျောက်ပတ်စွာဆက်ဆံ၍ နေထိုင်တတ်သူများဖြစ်ပေရာ

www.shweo.net

(The Society) အပေါင်းအဖော် အသင်းအပင်းများအတွင်း လှုပ်ရှားနိုင်သူများဟုသတ်မှတ်သည်။ တူရာသီ ၁၀-ဒီဂရီမှ ၁၇-ဒီဂရီအတွင်းတည်ရှိသည်။ တူရာသီ၏အနှစ်သာရ ဗဟိုချက်မတွင်မွေးသူများဖြစ်ပေရာ Libra-II များဟူ၍ သတ်မှတ်သည်။

သမာသမတ်ကျကျ၊ မျှမျှတတ တွေးခေါ်တတ်သည်။ ဘက်လိုက်မှုမရှိ အားလုံးအပေါ်ညီညွတ်မျှတအောင် ဖြည့်ဆည်းပေးလိုသော သဒ္ဓါတရားအပြည့်အဝရှိသည်။ အနာဂတ်နှင့်တစ်သားတည်းကျအောင် ရှေ့တိုးလုပ်နိုင်စွမ်းရှိ၍တိုးတက်သောအယူအဆ၊ ခေတ်မီသောအမြင်အတွေးနှင့်ပစ္စုပ္ပန်အပေါ် မျက်ခြေမပြတ်သူများဖြစ်သည်။ စီးပွားရေးတွင်လည်းကောင်း၊ အလုပ်ကိစ္စရေးရာအဖြာဖြာတွင်လည်းကောင်းကြိုတင်တွက်ဆအဖြေမှန် ရာနိုင်စွမ်းရှိသည်။ ကိုယ်ဆောင်ရွက်ထားသည့်ကိစ္စများအပေါ် ကြည်နူးဝမ်းမြောက်လေ့ရှိသည်။ လူမှုဆက်ဆံရေးတွင် ပြေပြစ်ချောမွေ့၍ကျယ်ဝန်းသောအသိုင်းအဝိုင်းတွင် ဝင်ဆန့်သူဖြစ်လင့်ကစားသီးသန့်အထီးကျန်သောဘဝကို ပိုင်ဆိုင်သည်။ စနစ်တကျလေ့လာပြီးမှအလုပ်ကိစ္စတို့ကို လုပ်ကိုင်တတ်သည်။ မိသားစုအပေါ်တွင် လွန်စွာသံယောဇဉ်ရှိသည်။ အနှစ်နာခံ



တတ်သည်။ အသာစီးကိုရလိုသူဖြစ်သည်။ ကိုယ့်အပေါ် သူတစ်ပါးက အနိုင်ယူလွှမ်းမိုးမည်ကို လုံးဝလက်မခံ။

## ■ LIBRA THE THEATRE

အောက်တိုဘာ (၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈) ရက်တွင်မွေးသောသူများသည် ဘဝအချိုးအကွေ့ပေါင်းမြောက်များစွာကိုဖြတ်သန်း၍ ပြောစမတ်ပြုလောက်သည့်ဘဝဇာတ်ကွက်တို့ကို ပိုင်ဆိုင်သူများဖြစ်ပေရာ (The Theatre) ဘဝလောကပြဇာတ်စင်မြင့်ပေါ်မှ လူသားများဟု သတ်မှတ်သည်။ တူရာသီ ၁၈-ဒီဂရီမှ ၂၄-ဒီဂရီအတွင်း တည်ရှိသည်။ တူရာသီ၏အနှစ်သာရ တတိယပိုင်းတွင်မွေးသူများဖြစ်ပေရာ Libra-III များဟူ၍ ခေါ်ဆိုသတ်မှတ်သည်။

အေးတိအေးစက်နှင့် ဖြန်မပြောနားမထောင်၊ ကိုယ်တိုင်ပြဋ္ဌာန်းထားသော ဘဝရည်မှန်းချက်ကိုသိုသိပ်ဖွဲ့ကြီးစွာနှင့်ဆောင်ရွက်အကောင်အထည်ဖော်သည်။ လေ့လာစူးစမ်းမှုအားကောင်းသည်။ အကင်းပါးသည်။ ပတ်ဝန်းကျင်နှင့်တစ်သားတည်းကျအောင် အနေအထိုင်ကျစ်လျစ်သည်။ တည်ရှိနေသောဘဝ၌ တင်းတိမ်မှုမရှိ၊ လောကသစ်

www.shweo.net

သို့တက်လှမ်းရန် အမြဲရည်သန်နေသည်။ အပြင်းအထန် ကြိုးစားသည်။ အသည်းမာသည်။ အခွင့်အလမ်းတို့ကိုဖော်ထုတ်ရယူနိုင်သည်။ နှိမ့်ချဆက်ဆံမှုအားပြင်းထန်စွာတုန့်ပြန်တတ်သည်။ ကိုယ်ပိုင်အရည်အသွေးကို အလေးထား သူများဖြစ်သည်။ မိသားစုဝန်းကျင်မှ ထိုးဖောက်ထွက်၍ ထွန်းထွန်းပေါက်ပေါက် လုပ်ကိုင်နိုင်စွမ်းရှိသည်။ နှလုံးသားခံစားမှုထက် စိတ်ခံစားမှုအပေါ်အလေးပေး တုန့်ပြန်လေ့ရှိသည်။ အခက်အခဲ၊ အတိုက်အခံများကြားမှ ထိပ်တန်းသို့ ရောက်ရှိမည်။ စွန့်စားရဲရင့်ခြင်း၏ ကောင်းသောအကျိုးဆက်ကိုရရှိမည်။

## ■ LIBRA THE DRAMA AND CRITICISM

အောက်တိုဘာ (၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃) ရက်တွင်မွေးသူတို့သည် သဲသဲလှုပ်လှုပ်ခံစားတတ်၍ အကဲဖြတ်ဝေဖန်မှုစွမ်းအားမြင့်မားသည်။ အများတကာတို့၏စူးစိုက်မှုကိုခံယူရသူများဖြစ်ပေရာ (The Drama and Criticism) များဟူ၍သတ်မှတ်သည်။ တူရာသီ ၂၅-ဒီဂရီမှ ၃၀-ဒီဂရီအတွင်းမွေးသူများဖြစ်ပေရာ တူရာသီ၏အဆုံး၊ ဗြိစ္ဆာရာသီ၏အဦးအစတွင် မွေးသူများဖြစ်ပေသည်။ Libra-Scorpio



Cusp များဟူ၍သတ်မှတ်သည်။ ရာသီခွင်နှစ်ခု၏အမည်ကိုပေါင်းစပ်၍ "စကော်လီဘီးရန်း" Scorlibran များဟူ၍ခေါ်ဆိုသည်။

ပင်ကိုဥပမိရုပ်ထူးခြားသည်။ ဆောင်ရွက်မှုများတွင်လည်းသူတစ်ပါးနှင့်မတူဘဲ အတွေးသစ်၊ အကြံသစ်များနှင့်လုပ်ကိုင်တတ်သည်။ အလွန်ခေါင်းမာသည်။ တစ်ပါးသူနောက်လိုက်အဖြစ် ရပ်တည်လိုစိတ်မရှိ။ ကိုယ်ကသာအမိန့်ပေးဦးဆောင်လိုသော သဘာဝရှိသည်။ စိတ်ခံစားမှုကိုအလေးထား ဦးစားပေးသည်။ လုပ်ရိုးလုပ်စဉ်လမ်းကြောင်းမှခွဲထွက်၍ အရာရာကိုဆောင်ရွက်တတ်သည်။ တစ်စုံတစ်ရာအပေါ်၌ အစွဲအလမ်းထားတတ်သည်။ ဝေဖန်ပိုင်းခြားမှုဉာဏ်ရည်မြင့်မားသည်။ မိဘမိသားစုတို့၏ဝန်းကျင်မှလွတ်ကင်းရာနယ်ပယ်တွင် သူတစ်ပါးအပေါ်မှီခိုခြင်းမရှိဘဲအောင်မြင်မှုကို ဖော်ဆောင်ဖန်တီးကာ မိသားစုအားအကျိုးပြုသောသဘာဝရှိသည်။ အပြိုင်အဆိုင်အတိုက်အခံတို့ကို ထာဝရစိန်ခေါ်၍ တိုက်ပွဲဝင်တတ်သော သဘာဝရှိသည်။ အပြောင်းအလဲနှင့် တိုးတက်မှုအပေါ် အမြဲစိတ်ရှည်သန်၍ လုပ်ကိုင်တတ်သည်။

www.shweo.net

# ၂၀၁၂-နိဂုံး

■ ၂၀၁၂-နိဝင်ဘာ

ဘဝလမ်းကြောင်းအပြောင်းအလဲနှင့် ဦးတည်ချက်သစ်များသို့ ရည်ရွယ်ဆောင်ရွက်ရန်အခြေအနေကောင်းများကြုံမည်။ ရည်မှန်းချက်သစ်များကို လက်တွေ့အကောင်အထည်ဖော်ရန်အခါသင့်သည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများတွင်ပါဝင်ပတ်သက်မှုအပေါ် မိသားစုမငြိမ်မြင်ခံရသည်အထိဖြစ်မည်။ ကိုယ်ရေးကိုယ်တာထက် သူတစ်ပါးရေးရာများကိုဦးစားပေး၍ ဆောင်ရွက်ရခြင်းရှိမည်။ ရရှိလာသောငွေကြေးတို့သည်လည်း လက်ဝယ်ကြာကြာဆုတ်ကိုင်ထားနိုင်ခြင်းမရှိဘဲ ဝင်လာသောအချိန်နှင့်မခြားနားသောကာလအတွင်း သုံးစွဲကုန်ခမ်းရတတ်သည်။ ကိုယ်တိုင်အတွက်သုံးစွဲရသည်ဟူ၍မရှိ။ ငွေကုန်ပေါက်ကုန်လမ်းများလည်းတစ်မျိုးတစ်မည် ဆန်းပြားစွာပေါ်ပေါက်တတ်သည်။ အကြီးအကဲနေရာထား၍ ငွေကြေးပစ္စည်းအလှူထည့်ဝင်ရန်အကွက်ချဆောင်ရွက်ခံရခြင်းကို ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်းကြုံရမည်။ အလုပ်ပိုကိစ္စပိုများကိုလည်းဆောင်ရွက်စေလိမ့်မည်။ ပညာအတတ်နှင့်ဆက်နွယ်ဆောင်ရွက်မှုများ၌ ထွန်းထွန်းပေါက်ပေါက်ဆောင်ရွက်ရခြင်းကြုံမည်။ သင်တန်းနှင့်ပတ်သက်သောကံပွင့်မည်။ အမည်ကောင်းသတင်းနှင့် သူတစ်ပါး၏လေးစားခြင်းကိုခံယူရမည်။ လိုသည်ထက်ပို၍ အချိန်ကုန်၊ ငွေကုန်ခံကာလုပ်ခြင်းကြောင့် အကုန်အကျအလေအလွင့်များပြားမည်။ လုပ်ရိုးလုပ်စဉ်အပြင် ရဲ့ထွင်ဆောင်ရွက်ခြင်း၊ စွန့်ဦးတီထွင်မှုများအောင်မြင်မည်။



၂၀၁၂ နိုဝင်ဘာ ၁၊ ၃၊ ၄၊ ၆၊ ၁၀၊ ၁၄၊ ၁၆၊ ၁၇၊ ၂၂၊ ၂၄၊ ၂၆ ရက်များတွင် မတော်တဆအန္တရာယ်များသတိထားရမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ အကြီးအကဲများတွင်လည်းကောင်း ကျန်းမာရေးအညံ့ကြုံတတ်သည်။ သူတစ်ပါးကိစ္စများအတွက် တာဝန်ယူဆောင်ရွက်ရင်းပြဿနာများတစ်မျိုးပြီးတစ်မျိုးကြုံတတ်သည်။ ပြဿနာဟောင်းများပြန်လည်ဖြေရှင်းရမည်။ လုပ်ငန်းအမျိုးအစား တစ်ခုတည်းကိုပင် သူတစ်ပါးအတွက်ဆောင်ရွက်ပေးက အဆင်ပြေ၍ ကိုယ်တိုင်အတွက် ဆောင်ရွက်ပါက အမျိုးမျိုးနှောင့်နှေးကြန့်ကြာမည်။ အချိန်ကုန်၊ ငွေကုန်ခံ၍ လူမှန်းများသောလုပ်ငန်းများ လုပ်ကိုင်ရခြင်းရှိမည်။ အမည်အလွဲသုံးစားလုပ်သောသူများနှင့်ကြုံတတ်သည်။

www.shweo.net

နိုဝင်ဘာ ၂၊ ၅၊ ၇၊ ၈၊ ၉၊ ၁၁၊ ၁၂၊ ၁၃၊ ၁၅၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၃၊ ၂၅၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀ ရက်များတွင်ဆောင်ရွက်သမျှထွန်းပေါက်၍ ကိုယ်စွမ်းကိုယ်စတိုးတက်မှုများရှိမည်၊ အဆင့်မြင့်အောင်မြင်မည်၊ တစ်ခုထက်မကသောအလုပ်ကိစ္စများကို တစ်ပြိုင်တည်းလုပ်၍ တိုးတက်အောင်မြင်ခြင်းရှိမည်၊ နေရာမှန်ထက်အဆင့်မြင့်သောအလုပ်တာဝန်များကိုဆောင်ရွက်ရန် တာဝန်ပေးခံရမည်၊ ထူးချွန်ပြောင်မြောက်စွာဆောင်ရွက်နိုင်၍ အကြီးအကဲများ၏အလေးထားမြောက်စားချီးမြှင့်မှုကိုရရှိမည်၊ စိတ်ဆန္ဒရှိသောအလုပ်အကြံသစ်များကို စတင်လုပ်ကိုင်၍အောင်မြင်မှု၊ တိုးတက်မှုများအနိုင်အမာရရှိမည်၊ ပညာအတတ်နှင့်ဆက်နွယ်လုပ်ကိုင်သောကိစ္စများ၊ စိတ်ကူးသစ်နှင့်လုပ်သော လုပ်ငန်းများအောင်မြင်မည်၊



■ ၂၀၁၂-ဒီဇင်ဘာ

ရန်ပြဿနာနှင့် စိတ်အနှောင့်အယှက်ဖြစ်စရာများတစ်မျိုးပြီးတစ်မျိုးကြုံမည်၊ သည်းခံမှုအတိုင်းအတာကိုဘောင်ကျော်၍ နှောင့်ယှက်စော်ကားသူများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်၊ စရိုက်ဆိုးကိုပယ်ဖျက်၍မရသော ပေါ့သွမ်းယုတ်ညံ့သောသူများနှင့်ဆက်ဆံနေရမည်၊ မြှူစတောင်းမြှောင်းစောင့်အောင့်ခြင်းများအပေါ် တစ်စုံတစ်ရာဝေဖန်ပြောဆိုခြင်းပြုကမိုက်ရိုင်းအောက်တန်းကျစွာ တုန့်ပြန်ရန်အသင့်ပြင်ထားခြင်းဖြစ်ပေရာ တတ်အားသမျှသည်းခံရှောင်ရှားသင့်လှသည်၊ လုပ်ငန်းတွင်လည်းအနှောင့်အယှက်များ၊ အတိုက်အခံများတစ်မျိုးပြီးတစ်မျိုးကြုံမည်၊ ငွေကြေးပြဿနာများဖြေရှင်းရမည်၊ တွဲဖက်လုပ်ကိုင်နေသူတို့၏ပေါ့ဆမှု၊ လုပ်ပုံကိုင်ပုံ သေသပ်ပိရိမှုမရှိခြင်းကြောင့် အချိန်ကုန်ခံ၍စနစ်တကျလုပ်ထားသောကိစ္စများ သဲထဲရေသွန်ပမာဖြစ်ပေအံ့၊ ပျိုရွယ်သူများအဖို့ လွန်စွာစန်းပွင့်မည်၊ မိသားစုဝန်းကျင်မှ လက်ခံနိုင်စွမ်းမရှိသောသူကိုမှရွေး၍ မေတ္တာမျှကိန်းကြုံမည်၊ အိမ်တွင်စေတနာ ဝေဒနာဖြစ်ခြင်း၊ နားလည်မှုလွဲမှားခြင်းများကြုံ မည်၊ အကျိုးအမြတ်ရမည်ဟူ၍ ယူဆဝယ်ယူသောပစ္စည်းများ အရှုံးပေါ်မည်၊ ကျွမ်းကျင်မှုမရှိ

www.shweo.net

သောလုပ်ငန်းများအပေါ် တာဝန်ယူလုပ်ကိုင်ရင်း အမှားအယွင်းများ ဖြစ်တတ်သည်။ ကိုယ့်ဘဝအခြေအနေအဆင့်နှင့် စိုးစဉ်းမျှပတ်သက်ခြင်းမရှိသောသူများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။

၂၀၁၂-ဒီဇင်ဘာ ၂၊ ၃၊ ၅၊ ၉၊ ၁၃၊ ၁၅၊ ၁၆၊ ၂၀၊ ၂၂၊ ၂၄၊ ၂၅၊ ၂၆၊ ၃၀ ရက်များတွင် အမှုပြဿနာဖြစ်မည်။ ရန်အတိုက်အခံများ၊ အခက်အခဲများတစ်မျိုးပြီးတစ်မျိုးဆက်တိုက်ဖြေရှင်းနေရမည်။ စာရင်းဇယားအရှုပ်အထွေးများကြားပါဝင်ပတ်သက်ရမည်။ သူတစ်ပါးအပေါ်စေတနာကောင်းနှင့်ကူညီခြင်းအား မကျေမနပ်ပျက်ရယ်ပြု၍ ယုတ်မာရိုင်းစိုင်းစွာဝေဖန်မှုပြုသူများနှင့် ရင်ဆိုင်ရမည်။ သူတစ်ပါးလုပ်ထားသောအပြစ်များ မိမိအားဖို့မည်။ သိမ်ဖျင်းသောစကားများ ပြောဆိုရခြင်းရှိမည်။ အတွင်းပစ္စည်းပျောက်တတ်သည်။ ဥပဒေနှင့်မကင်းသောကိစ္စများရှောင်ပါ။ အမှုပြဿနာဖြစ်ကဖြေရှင်းရန်မလွယ်။ ကူညီမည့်သူထက်၍သို့ဖြစ်သည်ကိုပင် ကြိတ်၍ဝမ်းမြောက်ဝမ်းသာရှိသောသူများကြုံပေအံ့။

ဒီဇင်ဘာ ၁၊ ၄၊ ၆၊ ၇၊ ၈၊ ၁၀၊ ၁၁၊ ၁၂၊ ၁၄၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၃၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀ ရက်များတွင် အညှိအဆိုးများကြားမှ ထူးထူးခြားခြား ကောင်းသောအခြေအနေနှင့် တိုးတက်သောအကြောင်းအရာများ ဖြစ်ထွန်းမည်။ ဝေဖန်နှောင့်ယှက် ဒုက္ခပေးသူများကြားမှ အဆင့်မြင့်မားသော တက်လမ်းများရရှိမည်။ ကတိစကားသစ်များ၊ စာချုပ်စာတန်းချုပ်ဆိုခြင်းများပြုသင့်သည်။ နေရာပြောင်း၍လုပ်သော ကိစ္စမှန်သမျှ ကောင်းသောအကျိုးဆက်ရမည်။ နေရာအပြောင်းအရွှေ့ကိစ္စများ ဆောင်ရွက်နိုင်သည်။ အရပ်ဝေးတိုင်းတစ်ပါးနှင့် ဆက်စပ်လုပ်ကိုင်သောလုပ်ငန်းများအောင်မြင်တိုးတက်မည်။ ဝေးကွာနေသောသူများနှင့် ပြန်လည်ဆုံစည်းမည်။

www.shweo.net

# ၂၀၁၃-နိဒါန်း

၂၀၁၃-တစ်နှစ်တာအတွင်း ဘဝအခြေအနေအလုံးစုံ ပုံစံအသွင်ပြောင်းလဲနေမည်။ ကောင်းသောအခြေအနေသို့ဦးတည်သော ပြောင်းလဲမှုများဖြစ်မည်။ ဖြစ်ပေါ်လာသောအခြေအနေ အခွင့်အလမ်းများနှင့် တုန့်ပြန်ဆောင်ရွက်ရမှုအလုံးစုံတို့သည် ကိုယ်ပိုင်ဆုံးဖြတ်ချက်အပေါ်၌အခြေပြု၍ဆောင်ရွက်ရပေမည်။ မူလရည်ရွယ်ထားသည့်လမ်းကြောင်းအတိုင်းလုပ်ရင်း ပိုမိုမြင့်မားသောအခြေအနေသို့ပြောင်းလဲဆောင်ရွက်ရန် အကြောင်းအရာများဆက်တိုက်ဖြစ်ပေါ်မည်။ ဘဝအောင်မြင်မှုနှင့် ကံအခြေအနေတိုးတက်မှုတို့အခိုင်အမာဖြစ်ပေါ်မည်။ လုပ်ငန်းဟောင်းများမှတစ်စစလမ်းကြောင်းပြောင်းခြင်း၊ ဆက်စပ်သောလူဟောင်းများနှင့်တစ်စစလမ်းခွဲခြင်း၊ အတွေးသစ်၊ ရည်ရွယ်ချက်သစ်များနှင့်ဆောင်ရွက်ရန် အခြေအနေကောင်းကြုံခြင်းတို့ ဆက်တိုက်ဖြစ်လာမည်။ စွန့်စားရဲ၍ထွင်၍လုပ်ကိုင်သော အခြေအနေအရပ်ရပ်မှ အကျိုးဆက်ကောင်းများ ဆက်တိုက်ဖြစ်ပေါ်မည်။ ဘဝနှင့်ရင်း၍စွန့်စားဆောင်ရွက်သောကိစ္စများမှ ထူးခြားသောအကျိုးဆက်များ ဖြစ်ပေါ်လာမည်။ သူတစ်ပါးအကူအထောက်ကို စောင့်စားရန်မလိုဘဲ ပြတ်သားစွာရှေ့တိုးဆောင်ရွက်၍ ဘဝအောင်မြင်မှုမှတ်တိုင်သစ်ကို စိုက်ထူရန်ကြုံမည်။ ပညာသင်တန်းနှင့်ပတ်သက်သော ကိစ္စများတွင်လည်းထွန်းထွန်းပေါက်ပေါက်နှင့် လုပ်ကိုင်နိုင်မည်။ ကာလအတန်ကြာပြတ်တောက်နေသော အဆက်အသွယ်များနှင့်ပြန်လည်ချိတ်ဆက်ဆက်နွယ်၍ဆောင်ရွက်နိုင်စွမ်းရှိသည်။

၂၀၁၃-တစ်နှစ်တာကာလအတွင်း ဆောင်ရွက်သောကိစ္စမှန်သမျှ၌ ကောင်းခြင်းကံကြမ္မာရစေရန်အလို့ငှာကံပွင့်ကံမြင့်၍ ကံအကျိုးပေးအားကောင်းသော အခါကောင်းရက်ကောင်းတို့ကို အသင့်တွက်ချက်တင်ပြအပ်ပါသည်။

■ ယခုတစ်နှစ်တာအတွင်း လစဉ်လတိုင်းတွင်

**1st, 3rd, 6th, 9th**

**15th, 17th, 19th, 21st**

**24th, 25th, 27th, 30th** ရက်နေ့များ

သည် **Lucky Dates** များဖြစ်ပါသည်။

■ အပတ်စဉ်၊ အပတ်တိုင်းတွင် **Tuesday, Thursday, Friday** တို့သည် **Lucky Days** များဖြစ်ပါသည်။

www.shweo.net

■ တစ်နှစ်တာအတွင်း **March, May, July, September, December** လများသည် ကံကောင်းသောလ **Lucky Months** များဖြစ်သည်။

၎င်းနေ့၊ ရက်၊ လများကိုအခြေတည်၍ မိမိဘဝအတွက် အရေးပါသောကိစ္စများ၊ အလုပ်အကြံအစည်များအားဆောင်ရွက်၍ ထူးထူးခြားခြား အောင်မြင်ခြင်းများကို ရရှိပေအံ့။





www.shweo.net

## ၂၀၁၃-တူရာသီဖွားများအတွက် ကံအခြေအနေ

| | |
|---|---|
| အလုပ်ရေးရာ | * * * * * |
| ငွေကြေး | * * * |
| နိုင်ငံခြားကံ | * * * * * |
| မိတ်ဆွေ | * * * * |
| အိမ်တွင်းရေး | * * * * |
| မေတ္တာရေး | * * * * |
| ပညာရေး | * * * * * |
| ကျန်းမာရေး | * * * * |



## အလုပ်အကိုင်နှင့် စီးပွားရေး

စနစ်တကျဆောင်ရွက်မှု၏ အောင်မြင်တိုးတက်မှုအလုံးစုံကိုအပြည့်အဝရရှိကာ ဘဝသစ်တစ်ခုသို့အနိုင်အမာပြောင်းလဲတိုးတက်သော အခြေအနေကောင်းကိုကြုံမည်။ ကိုယ့်အလုပ်ကိစ္စနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသော အလုပ်ပိုကိစ္စပိုများ လုပ်ကိုင်ရမည်။ ချဲ့ထွင်သောလုပ်ငန်းမှ နာမည်အောင်မြင်မှုနှင့် အခြေအနေကောင်းကိုရရှိမည်။ ဆန်းသစ်တီထွင်ပြီးဆောင်ရွက်သော အလုပ်အပေါ်လိုက်လံတုပယှဉ်ပြိုင်သူများရှိနေမည်။ အကြီးတူနောက်လူသာစမြဲအပေါ်ခြေဖျက်ရန်ညာကျက်ကူ၍ နောက်လူလက်မြှောက်အရှုံးပေးအောင်ဆောင်ရွက်နိုင်သော အခြေအနေကောင်းကြုံမည်။ ငွေမမြဲလင့်ကစား အကျိုးရှိသောအကုန်အကျများခြင်းများကြုံတွေ့ရမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများတွင်လည်းဩဇာအရှိန်အဝါကြီးမားမှုကိုရရှိပေမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများအဖို့လည်း လုပ်ငန်းခွင်အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နိုင်မည်။ နိုင်ငံတကာအဆင့်မီအောင်မြင်မှုများဖန်တီးနိုင်မည်။ သူတစ်ပါး၏ယုံကြည်လေးစားမှုအပေါ် မဏ္ဍိုင်ထား၍ အဆင့်မြင့်ဘဝအခြေအနေကို

www.shweo.net

ရောက်ရှိမည်။ ကာလအတန်ကြာမျှော်မှန်းထားသော ပိုင်ဆိုင်မှုအခြေအနေနှင့် ကြီးပွားချမ်းသာမှုကိုရရှိမည်။ အပြောင်းအလဲသစ်များကြောင့် များစွာသောအခက်အခဲများကြုံပေမည်။ ရင်ဆိုင်ရန်ဝန်မလေးသင့်။ သူတစ်ပါးထက်သာလွန်သောအောင်မြင်မှုကိုရမည်။

■ **21 .1. 13 မှ 18 .2. 13 ကြား**

■ **21 .5. 13 မှ 20 .6. 13 ကြား**

■ **21 .10. 13 မှ 21 .11. 13** ကြားကာလများတွင်အပျက်အစီးအလေအလွင့်များမည်။ မကုန်သင့်သောကုန်ကျမှုများဖြစ်မည်။ သူတစ်ပါးအလုပ်ကိစ္စများလက်ပြောင်းယူစဉ် ပြဿနာများပါလာကာ ငွေလျော်ရခြင်း၊ အမှုဖြစ်ခြင်းများကြုံမည်။ ရောင်းမှား၊ ဝယ်မှားဖြစ်တတ်သည်။ တွက်ဆမှုမှားယွင်းပြီးငွေအစုလိုက် ဆုံးရှုံးတတ်သည်။ အဆန်းထွင်ပြီးလုပ်ရန်မသင့်။ ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်းလုပ်ကာမှ တန်ရဲ့ကျမည်။ နာမည်အလွဲသုံးစားလုပ်၍ ကိုယ်ကျိုးရှာသူနှင့်တွေ့မည်။

■ **19 .2. 13 မှ 20 .3. 13 ကြား**

■ **21 .6. 13 မှ 20 .7. 13 ကြား**

■ **21 .8. 13 မှ 20 .9. 13** ကြားကာလများတွင် အလုပ်တိုးတက်မည်။ ဘဝအခြေအနေပြောင်းလဲ၍ အဆင်ပြေမှုများရရှိမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ မြှုပ်နှံလိုက်သောငွေကြေးမှ အကျိုးအမြတ်ကောင်းစွာရရှိမည်။ သူတစ်ပါးမြင်နိုင်စွမ်း၊ တွေးနိုင်စွမ်းမရှိသော စိတ်ကူးသစ်တို့ကိုအသုံးချ၍ အလိုပြည့်စုံခြင်းနှင့် အောင်မြင်ခြင်းကိုအပြည့်အဝရရှိမည်။ လုပ်ကိုင်သမျှထွန်းပေါက်မည်။ အကျိုးအမြတ်ရှိမည်။ လူမှန်၊ နေရာမှန်တိုးတက်ခြင်းကိုရရှိမည်။

■ **21 .3. 13 မှ 20 .4. 13 ကြား**

■ **21 .7. 13 မှ 20 .8. 13 ကြား**

■ **21 .11. 13 မှ 20 .12. 13** ကြားကာလများတွင် ပြည်ပနိုင်ငံရပ်ခြားနှင့် ဆက်ဆံလုပ်ကိုင်သောကိစ္စများမှ ထူးခြားသောတိုးတက်မှုများ ဖြစ်ပေါ်မည်။ ပြည်ပလုပ်ငန်းခွင်နှင့်ပတ်သက်သောသူအားလုံးတို့၏ တိုးတက်မှုရရှိစေမည့်ကာလဖြစ်သည်။ တိုးချဲ့လုပ်ကိုင်သောလုပ်ငန်းများ၏ နေရာသစ်တို့ကိုတာဝန်ယူဦးဆောင်ရပေမည်။ ကုန်ပစ္စည်းသစ်များဖြန့်ချိသင့်သည်။ ငွေကြေးအကျိုးအမြတ်အတွက် အဓိကမထားဘဲ အဆင့်မြင့်မားရန်ကြိုးစည်ကြိုးစားမှု၏ အကျိုးကောင်းကိုရရှိမည်။ အမည်ကောင်းသတင်း ထုတောင်နိုင်မည်။

www.shweo.net

တူရာသီဖွားအားလုံးတို့သည် သစ္စာသမာဓိနှင့် လုပ်ကိုင်လေ အောင်မြင်မှုအရှိန်မြင့်မားလေဖြစ်သည်။ သူတစ်ပါးတို့၏လေးစားအားကိုးမှုကို အလိုအလျောက်ရရှိမည်။ အတွေးအမြင်သစ်နှင့်လုပ်ကိုင်ခြင်းကြောင့်လည်း အမြဲတစေသစ်လွင်လတ်ဆတ်သော အောင်မြင်မှုအသီးအပွင့်ကိုရလေ့ရှိသည်။ ပြည်တွင်းအဆင့်သာမက (**A, B, C, S, T, J**) အက္ခရာနှင့်စသောတိုင်းပြည်များကို အဆက်အသွယ်ပြုကာ စီးပွားဆောင်ရွက်မှုများအောင်မြင်မည်။ တစ်နှစ်တာအတွင်း မျှော်လင့်ရည်မှန်းထားသည်ထက်ပိုသာသော အနေအထားအား ရမည်မှာမလွဲတည်း။



# လူမှုဆက်ဆံရေး

တူရာသီဖွားအားလုံးတို့သည် လူသားဆန်သောနှလုံးသားရှိ၍ စေတနာသဒ္ဓါတရား ကြီးမားသူများဖြစ်ကြသည်။ အမှန်တရားဘက်မှရပ်တည်သည်။ အားနည်းသူကိုကူညီသည်။ အများအတွက်ကိုယ်ကျိုးစွန့်ရန်ဝန်မလေး။ သံတမန်သဖွယ်ဆက်ဆံရေးပရိယာယ် ကြွယ်ဝသည်။ အလွှာမရွေးတို့၏လေးစားခံရမှုကို ပိုင်ဆိုင်သည်။ သူတစ်ပါးကိုဒုက္ခပေးလေ့မရှိ။ တစ်ပါးသူ၏လွှမ်းမိုးမှုကိုလည်း လက်မခံ။ ကိုယ့်အပေါ်ထိပါးလာသူတို့ကိုလည်း ရဲရင့်စွာရင်ဆိုင်လေ့ရှိသည်။

■ **21 .1. 13** မှ **18 .2. 13** ကြား

■ **21 .7. 13** မှ **20 .8. 13** ကြား

■ **21 .10. 13** မှ **20 .11. 13** ကြားကာလများတွင် လူယုံဒုက္ခပေးမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများကိုစေတနာနှင့်ဆောင်ရွက်ရင်း မသမာသူတို့၏အငြိုးတကြီးတိုက်ခိုက်မှုကိုကြုံမည်။ ဖြစ်ထွန်းလာသော အမည်ကောင်းခြင်းအပေါ် သိက္ခာကျအောင် စွပ်စွဲနှောင့်ယှက်မှုပြုခံရမည်။

■ **19 .2. 13** မှ **20 .3. 13** ကြား

www.shweo.net

■ 21 .8. 13 မှ 20 .9. 13 ကြား

■ 21 .11. 13 မှ 20 .12. 13 ကြားကာလများတွင် မိတ်ဆွေသစ်တိုးပွားမည်။ စိတ်ချမ်းမြေ့စရာများရှိမည်။ လူမှုရေးပဋိပက္ခများ ဖြေရှင်းနိုင်မည်။ မိတ်ဆွေစစ်၊ မိတ်ဆွေမှန်များနှင့်ပူးပေါင်း၍ အများကိစ္စများ ဆောင်ရွက်နိုင်သည်။ နာမည်ကောင်းရခြင်း၊ ထင်ပေါ်ထင်ရှားခြင်းများရရှိမည်။

၂၀၁၃ - တစ်နှစ်တာအတွင်း

■ အမည်အက္ခရာ(အ၊ ဥ၊ ဩ) စသောသူများနှင့် ပူးတွဲ၍ အကြံကောင်းရမည်။ အလုပ်သစ်၊ အကြံအစည်သစ်များရဲ့ တွင်ဆောင်ရွက်နိုင်မည်။ ပေါ်ပေါက်လာသောအခြေအနေသစ်များကိုအသုံးချ၍ ပူးပေါင်းဆောင်ရွက်ခြင်းမှ အဆင့်မြင့်အောင်မြင်မှုများရမည်။

■ အမည်အက္ခရာ(က၊ ခ၊ ဂ၊ ဃ၊ င) စသောသူများနှင့်ပတ်သက်၍စိတ်အနှောင့်အယှက်များရှိမည်။ စိတ်ပင်ပန်းစရာများလည်းကြုံမည်။ သဘောထားကွဲလွဲတတ်သည်။ အငြင်းပွားခြင်း၊ စကားအတိုက်အခံ ပြောရခြင်းများကြုံမည်။



■ အမည်အက္ခရာ(စ၊ ဆ၊ ဇ၊ ဈ၊ ည) စသောသူများနှင့်ပူးတွဲ၍ထူးခြားသောအကျိုးဆက်များရမည်။ ရေရှည်စီမံကိန်းချပြီးလုပ်သောကိစ္စများအထိ ဆောင်ရွက်အောင်မြင်မည်။ ပူးပေါင်းလုပ်ကိုင်ခြင်းများ၏ အကျိုးဆက်ကောင်းရမည်။

■ အမည်အက္ခရာ(ယ၊ ရ၊ လ၊ ဝ) စသောသူများနှင့်ဆက်နွယ်၍ကောင်းသောအကျိုးဆက်များ ရရှိမည်။ အလုပ်အကြံအစည်အောင်စေမည်။ ငွေကြေးဥစ္စာ တိုးပွားစေမည်။ လာဘ်လာဘနေ့တိုးပွားခြင်းကို ရရှိစေမည်။

■ အမည်အက္ခရာ(ပ၊ ဖ၊ ဗ၊ ဘ၊ မ) စသောသူများနှင့် အပြန်အလှန်နားလည်မှုရှိမည်။ အရေးကြုံကမိမိဘက်မှ အပြည့်အဝရပ်တည်၍ အကာအကွယ်ပြုမည်။ လူမှုရေးအရလည်းကောင်း၊ ငွေကြေးအရလည်းကောင်း ဆက်ဆံအကျိုးပေးမည်။

■ အမည်အက္ခရာ(သ၊ ဟ) စသောသူများနှင့် အယူအဆသဘာဝမတူ ပဋိပက္ခဖြစ်တတ်သည်။ ယာယီလက်တွဲ၍ ခရီးကိစ္စဆောင်ရွက်ခြင်း၊ ရပ်တန့်ထားသောလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်ရန်အတွက် ပူးပေါင်းနိုင်၏။

www.shweo.net

■ အမည်အက္ခရာ (တ၊ ထ၊ ဒ၊ ဓ၊ န) စသောသူများနှင့် ပူးတွဲ၍လုပ်သောကိစ္စများတွင် အနှောင့်အယှက်များတွေ့နိုင်သည်။ အနိုက်မသင့်က အမှုအခင်းဖြစ်တတ်သည်။ လက်တွဲ၍အကျိုးမရှိ။ ဖြစ်ပေါ်သောပြဿနာများအတွက် ကိုယ်လွတ်ရုန်းလေ့ရှိသည်။

မှတ်ချက်။ ၊ တူရာသီ (**Libra**)၊ ကုမ်ရာသီ(**Aquarius**)၊ မိဿရာသီ (**Aries**)၊ မေထုန်ရာသီ (**Gemini**) ရာသီတွင်မွေးသောသူများဖြစ်ပါက မည်သည့်အမည်အက္ခရာနှင့် စသောသူဖြစ်စေ၊ မည်သည့်နေ့သားသမီးဖြစ်စေ မိမိအတွက် ရေရှည်အကျိုးပေးသော မိတ်ဖက်အဖြစ်ရပ်တည်သည်။



## အချစ်ရေး၊ မေတ္တာရေး

တူရာသီဖွားအားလုံးတို့သည် စွဲမက်ဖွယ်အကောင်းဆုံးသောသူများဖြစ်သည်။ အချစ်နှင့်ပတ်သက်၍ နားလည်မှုအပြည့်အဝရှိသောသူများဖြစ်ပေရာ Winsome Lover များဟုသတ်မှတ်သည်။ မေတ္တာကိုတန်ဖိုးထားသည်။ လေးနက်စွာချစ်တတ်သည်။ သိမ်မွေ့သောအချစ်ကိုပေးစွမ်းနိုင်သည်။ ချစ်ခြင်းမေတ္တာအပေါ်တွင် အလေးအနက် ခံစားတုန့်ပြန်သူများဖြစ်သည်။ စန်းပွင့်သူများလည်းဖြစ်ပေရာချစ်ခင်သူများခြင်းလည်းကြုံမည်။ ၂၀၁၃-တစ်နှစ်တာအတွင်းအခါတိုင်းထက်ပို၍ စန်းပွင့်မည်ဖြစ်သည်။ လေးနက်စွာခံစားနားလည်၍ မေတ္တာအပေါ်၌တန်ဖိုးထားသောအချစ်ရေးကိစ္စကိုကြုံမည်။ နီးစပ်မှုကိုအခြေတည်၍ နှောင်ဖွဲ့သောသံယောဇဉ်များကြုံမည်။

■ **19 .2. 13** မှ **20 .3. 13** ကြား၊

■ **21 .4. 13** မှ **20 .5. 13** ကြား၊

■ **21 .8. 13** မှ **20 .9. 13** ကြား၊ကာလများတွင် အချစ်ရေးကံကောင်း၍ စိတ်ချမ်းမြေ့ရမည်။ အချစ်ရေးနှင့်ပတ်သက်သောဆုံးဖြတ်ချက်များ ချမှတ်မှုမှန်ကန်မည်။ အလိုလိုက်

www.shweo.net

အကြိုက်ဆောင်မှုကိုခံရမည်။ အရွယ်လွန်အထီးကျန်များ ပင်လျှင် ချစ်ကံကောင်းမည်။ ခွဲမက်နှစ်သက်သူများ ဝန်းရံနေမည်။ အသက်အရွယ်၊ အသိုင်းအဝိုင်းခြားနားခြင်းနှင့် လူမှုရေး၊ ဘာသာရေးဆိုင်ရာ ပေါင်းစည်းရန်ခက်ခဲသည့်ကွာဟမှုများကိုပယ်ဖျက်၍အပြန်အလှန်နီးစပ်ရန် အဖြေရှာဆောင်ရွက်နိုင်မည်။ စစ်မှန်သောမေတ္တာနှင့် အပြန်အလှန်နီးစပ်သူကိုလက်တွဲရန် အခြေအနေကောင်းကိုကြုံမည်။

■ 21 .5. 13 မှ 20 .6. 13 ကြား

■ 21 .7. 13 မှ 20 .8. 13 ကြား

■ 21 .10. 13 မှ 20 .11. 13 ကြားကာလများတွင် ပဋိပက္ခများ၊ အနှောင့်အယှက်များကိုကြုံတွေ့မည်။ ၅၂၈ - မိဘမိသားစုအပေါ်ဦးစားပေး အချိန်ပေးရမှုကြောင့်နှစ်ဦးကြားမေတ္တာလျော့ပါးတတ်သည်။ ဘဝရည်မှန်းချက်အကောင်အထည်ဖော်မှုအပေါ် အပြန်အလှန်နားလည်မှုမရှိ၍ စိတ်ငြိုငြင်စရာများဖြစ်လာမည်။ မနာလိုမှု၊ သဝန်ကြောင်မှု၊ လွန်ကဲစွာလွှမ်းမိုးအနိုင်ယူမှုတို့ကြောင့် တည်ရှိနေသောမေတ္တာအခြေအနေယုတ်လျော့သွားမည့် အနေအထားရှိသည်။ စန်းပွင့်မှုလွန်ကဲ၍ တစ်ဦးထက်ပိုသောချစ်သူများကြား ဗျာများစရာများကြုံမည်။



ဘုရာသီဖွားအားလုံးတို့သည် စန်းပွင့်လင့်ကစား မေတ္တာကံခေလေ့ရှိသည်။ **အသက်** ၁၆၊ ၁၉၊ ၂၂၊ ၂၃၊ ၂၈၊ ၃၀၊ ၃၉၊ ၄၄ နှစ်များတွင်အချစ်ရေး၊ မေတ္တာရေးကိစ္စများ၌ အညှံ့အဆိုးများကြုံနိုင်သည်။ **အသက်** ၁၇၊ ၁၈၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉၊ ၃၀၊ ၃၃၊ ၃၆၊ ၃၈၊ ၄၂၊ ၄၅ အရွယ်ရောက်သူများ အဖို့ယခုနှစ်တွင် အခြားသူများထက်စန်းပွင့်ခြင်း၊ မေတ္တာရေးကံကောင်းခြင်းများရှိမည်။ လူမျိုး၊ ဘာသာ၊ ဓလေ့ကွဲပြားသောသူများနှင့် မေတ္တာမျှနေသူများအဖို့ယခုနှစ်တွင် အပြန်အလှန်အဆင်ပြေမှုနှင့် စိတ်ချမ်းမြေ့မှုများကိုအထူးတလည်ကြုံတွေ့ပေအံ့။

www.shweo.net

# ပညာရေး

ဉာဏ်ကောင်းလင့်ကစား ပေါ့ပေါ့တန်တန်လုပ်ပေလေ့လုပ်ထရှိသော တူရာသီဖွားများအတွက် ၂၀၁၃-တစ်နှစ်တာသည်ကား ထင်ရှားသောအောင်မြင်မှုများနှင့် ပညာရေးဆိုင်ရာကိစ္စမှန်သမျှကို ဆောင်ရွက်နိုင်စွမ်းရှိမည်။ သင်ကြားသောဆရာများ၊ တွဲဖက်မိတ်ဆွေသူငယ်ချင်းများကပင်လျှင်စာမေးပွဲဖြေဆိုမှု၏ ရလဒ်အပေါ်အံ့ဩကြကုန်မည်။ ကြိုးစားလိုစိတ်မရှိလင့်ကစား မခံချင်စိတ်ကိုအခြေခံ၍လုံ့လအားစိုက်ကာ တိကျသေချာစွာဆောင်ရွက်ခြင်းကြောင့် သူတစ်ပါးတို့ထက်သာမြင့်သော အောင်မြင်ခြင်းကိုရရှိမည်။ ပညာအတတ်ကိုအသုံးချ၍အလုပ်၊ ဘဝအခြေအနေတိုးတက်ခြင်းတို့ကိုလည်း ဖန်တီးနိုင်မည်။ စာသင်ကျောင်းနှင့်အလှမ်းကွာနေသောသူများပင်လျှင် အကျိုးရှိသည့်အတတ်ပညာတစ်စုံတစ်ရာကို ထူးချွန်စွာတတ်မြောက်နိုင်မည်။ သို့သော်

■ 20 .1. 13 မှ 19 .2. 13 ကြား

■ 21 .5. 13 မှ 20 .6. 13 ကြား

■ 21 .10. 13 မှ 20 .11. 13 ကြားရက်များသည်ကား



ကျန်းမာရေးအညံ့ရှိခြင်းနှင့် အိမ်တွင်းရေး၊ လူမှုရေးအနှောင့်အယှက်များကြောင့် အာရုံနောက်ခြင်း၊ စိတ်ပျံ့လွင့်ခြင်းများဖြစ်ကာ ပညာဆိုင်ရာအရည်အသွေးလျော့ကျမည်။ အပေါင်းအသင်းဆိုးများကြောင့် အုပ်ထိန်းသူများကသော်လည်းကောင်း၊ ဆရာများကသော်လည်းကောင်း ငြိုငြင်အပြစ်ပေးခြင်းကိုခံရမည်။ အပျော်အပါးလိုက်စားသောရှယ်တူ၊ တန်းတူများနှင့် တစ်ရှန်းရှန်းလုပ်ကာ စာကျက်ရန်ပင်သတိမရ၊ ပြဇာတ်၊ ရုပ်ရှင်၊ ဇာတ်ပွဲတို့တွင် အချိန်ဖြုန်းရုံသာမက အိမ်ရောက်သည့်တိုင် တယ်လီဖုန်းနှင့်လူတစ်သားတည်းကျအောင် တစာစာစကားပြော၍ ကျောင်းစာတွင်ညံ့ပေအံ့။

■ 19 .2. 13 မှ 20 .3. 13 ကြား

■ 21 .7. 13 မှ 20 .8. 13 ကြား

■ 21 .11. 13 မှ 20 .12. 13 ကြားရက်များသည်ကားထွန်းပေါက်အောင်မြင်တိုးတက်ချင်စိတ်များ တဖွားဖွားပေါ်၍ တစ်ပါးသူတိုက်တွန်းမှုမပါဘဲ ပညာရေးရာမှန်သမျှအပေါ် တတ်ကျွမ်းနားလည်အောင် ကြိုးပမ်းကြိုးကုပ်ဆောင်ရွက်မည်။ ဆရာကောင်းများနှင့်တွေ့မည်။ ပညာလိုလားစိတ်ပေါ်ထွန်းမည်။ ဖတ်လိုက်၊ မှတ်လိုက်တိုင်းဒိုးခနဲဒက်ခနဲသိမြင်

www.shweo.net

သည့်အပြင် ကြာမြင့်စွာသိုမှီးနိုင်သော မှတ်ဉာဏ်စွမ်းပကားနှင့် ပညာရေးရာကိစ္စမှန်သမျှ ထွန်းပေါက်အောင်မြင်မည်။ လုပ်ငန်းခွင်မှသူများ ရာထူးတာမေးပွဲအောင်မည်။ ပြည်ပပညာအတွက်ဖြစ်စေ၊ အဆင့်မြင့်ဘွဲ့လွန်အတတ်များနှင့် ဖြစ်စေစတင်ဆောင်ရွက်ခြင်းနှင့် ထွန်းပေါက်အောင်မြင်မှုကိုဖန်တီးနိုင်မည်။

စာကြည့်သောနေရာဝန်းကျင်၌ ငှက်အတောင်တစ်ခုအားဓာတ်ပုံဘောင်သွင်း၍ ထောင်ထားပါ။ မြောက်အရပ်၊ အရှေ့မြောက်အရပ်များကို မျက်နှာမူ၍စာကြည့်ပါ။ (A, B, S, G, T) အက္ခရာနှင့်စသော ပြည်ပတိုင်းတစ်ပါးမှပညာအတတ်ကိုဆောင်ရွက်ရန် အခွင့်အရေးကောင်းများရရှိမည်။ အသက် ၁၄၊ ၁၆၊ ၁၇၊ ၁၉၊ ၂၀၊ ၂၄၊ ၂၇၊ ၃၀၊ ၃၆၊ ၄၀၊ ၄၂၊ ၄၃ အသက်အရွယ်သို့ရောက်ရှိသူတို့သည် အခြားသူတို့ထက်ပို၍ မြင့်မားသောအခြေအနေကောင်းတို့ကို ရရှိကာ ပညာရပ်ဆိုင်ရာအလုံးစုံ၌ ထူးခြားအောင်မြင်စွာ ဆောင်ရွက်နိုင်ပေမည်။ လုပ်ငန်းခွင်မှသူများအတွက် လုပ်ငန်းခွင်ဆိုင်ရာ အဆင့်မြင့်ပညာသင်တန်းများသို့ တက်ရောက်ရန်အရွေးချယ်ခံရမည်။



## အိမ်တွင်းရေး၊ မိသားစုရေး

မိဘမောင်နှမသားချင်းတို့အပေါ်၌ ဘဝကိုပေးဆပ်၍အနစ်နာခံသူများဖြစ်သည်။ တူရာသီဖွားအားလုံးတို့တွင် နိုးဂုဏ်တတ်သောသူ (သို့မဟုတ်) ကျန်းမာရေးအညံ့ရှိ၍ပညာသင်ကြားနိုင်စွမ်း မရှိသောသူတစ်ဦးတစ်ယောက်အိမ်တွင်ရှိမည်မလွဲ။ အမြဲတစေဒုက္ခပေးတတ်သော သားချင်းတို့အပေါ်အလိုလိုက်အကြိုက်ဆောင်၍ ကိုယ့်အပေါ်ပုံမှန်ထက်ဆစ်ခံရခြင်းဖြင့် ဘဝတွင်ကြီးပြင်းလာရာအားလုံးသောမိသားစုတို့၏ ရေးရာအဖြာဖြာကို တာဝန်သိသည့်သူအနေနှင့် ဦးဆောင်ဦးရွက်ပြုရမည်။ အသက်အရွယ်ကြီးသည့်တိုင်စရိုက်မပြင် ဆိုးမိုက်သောသူကြောင့် မကြာခဏအိမ်တွင်းပြဿနာသာမက ကိုယ့်ဘဝရေးရေးတွင်ပင် နစ်နာရတတ်သည်။ ၂၀၁၃ - သည်ကား မိဘအကြီးအကဲတို့၏ ကျန်းမာရေးကို အဓိကဂရုစိုက်ရမည်။

- 21 .4. 13 မှ 20 .5. 13 ကြား
- 21 .6. 13 မှ 20 .7. 13 ကြား
- 21 .11. 13 မှ 20 .12. 13 ကြားရက်များတွင်စီးပွားတက်မည်။ အိုးအိမ်ကိစ္စပြောဆိုဆောင်ရွက်မှုမှန်သမျှ အောင်မြင်

www.shweo.net

အဆင်ပြေမည်။ မိသားစုလုပ်ငန်းစီးပွားများတွင် ထင်ရှားသောတိုးတက်မှုများရရှိမည်။ အိမ်သစ်၊ နေရာသစ်များသို့ ပြောင်းလဲနေရမည်။ အပြောင်းအလဲပြုရန်မလိုဘဲ အတည်တကျနေရာချထားသူပင်လျှင် အခန်းဖွဲ့စည်းမှုပြင်ခြင်း၊ အမိုးအကာပြင်ခြင်းတို့ကို ဆောင်ရွက်ရမည်။ အလှူမင်္ဂလာကိစ္စများကြုံမည်။ အရပ်ဝေးရောက်နေသောသူထံမှကောင်းသောသတင်းစကားကိုကြားရမည်။ မြေ၊ ကား၊ အခန်းကိစ္စများဆောင်ရွက်အဆင်ပြေမည်။

■ **21 .3. 13 မှ 20 .4. 13 ကြား**

■ **21 .5. 13 မှ 20 .6. 13 ကြား**

■ **21 .10. 13 မှ 20 .11. 13** ကြားရက်များတွင်ကား အိမ်တွင်းရေးပြဿနာများ တစ်မျိုးပြီးတစ်မျိုးဖြစ်လာမည်။ ဒုက္ခပေးသောဆွေမျိုးများ ရှုပ်ထွေးအောင်ပြု၍ အကုန်အကျများမည်။ မိဘ၊ မောင်နှမသားချင်းတို့၏ ကျန်းမာရေးအည့်ဖြစ်ပေါ်မည်။ ပစ္စည်းပျောက်တတ်သည်။ စကားများစရာများရှိမည်။ အပျက်အစီး၊ အပျောက်အရှုများမည်။ မိသားစုငွေကိုအသုံးပြု၍ အလျော်အစားပေးရခြင်းများဖြစ်မည်။ မိဘအုပ်ထိန်းသူတို့ထားဖြစ်ထားသည့်အရာကိုမှ ရွေးချယ်လုပ်ကာဒုက္ခပေးသောသူများရှိမည်။ အိမ်ထောင်သည်များ



အဖို့ အထင်မှားခံရခြင်းနှင့် ဆွေမျိုးမောင်နှမသားချင်းများက အနှောင့်အယှက်ပေးမည်။

■ **19 .2. 13 မှ 20 .3. 13 ကြား**

■ **21 .7. 13 မှ 20 .8. 13 ကြား**

■ **21 .9. 13 မှ 20 .10. 13** ကြားရက်များတွင်ကား ပြည်ပခရီးကိစ္စပေါ်ပေါက်မည်။ အရပ်တစ်ပါးနှင့်ဆက်ဆံ၍ ဆောင်ရွက်ခြင်းများမှ ကောင်းသောအကျိုးစီးပွားများ မိသားစုတွင်ဖြစ်ပေါ်မည်။ ငွေကြေးဥစ္စာတိုးပွားခြင်းနှင့် လိုအင်ဆန္ဒပြည့်စုံခြင်းတို့ ကြုံတွေ့မည်မလွဲ။ ဦးတည်ရည်မှန်းထားသည့်ကိစ္စများကိုဆောင်ရွက်၍ အလိုပြည့်စုံခြင်းနှင့် တိုးတက်သောအခြေအနေကောင်းများ ဆောင်ရွက်အဆင်ပြေမည်။ (က၊ သ၊ ပ၊ မ၊ လ)အက္ခရာနှင့်စတင်သောအရပ်ဒေသတို့တွင် အိုးအိမ်နေရာထိုင်ခင်း အသစ်တိုးပွားမည်။ (A, B, S, D, J) နှင့်စသောနိုင်ငံများသို့ မိသားစုတွင် သွားရောက်ရကိန်းရှိမည်။

## ၂၀၁၃ - တူရာသီဖွားတို့အတွက် ရေးရာအဖြာဖြာ ကံအခြေအနေ

| လ / ရေးရာ | Jan | Feb | Mar | Apr | May | June | July | Aug | Sept | Oct | Nov | Dec |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ် | ကောင်း | သင့် | ကောင်း | ကောင်း | ကောင်း | ညံ့ | ကောင်း | ကောင်း | ကောင်း | ကောင်း | ညံ့ | ကောင်း |
| ငွေကြေး | ညံ့ | ညံ့ | သင့် | သင့် | ကောင်း | ညံ့ | သင့် | ကောင်း | ကောင်း | ညံ့ | ညံ့ | ကောင်း |
| မေတ္တာရေး | သင့် | ညံ့ | ကောင်း | သင့် | ကောင်း | ကောင်း | သင့် | ညံ့ | ကောင်း | သင့် | ညံ့ | ကောင်း |
| အိမ်ထောင်ရေး | သင့် | ညံ့ | ကောင်း | သင့် | ကောင်း | သင့် | သင့် | ညံ့ | ကောင်း | သင့် | ညံ့ | ကောင်း |
| စီးပွားရေး | သင့် | ညံ့ | ကောင်း | ညံ့ | ကောင်း | ညံ့ | ကောင်း | သင့် | ကောင်း | သင့် | ညံ့ | ကောင်း |
| လူမှုရေး | သင့် | ညံ့ | ကောင်း | ညံ့ | ကောင်း | ညံ့ | သင့် | ညံ့ | ကောင်း | သင့် | ညံ့ | ကောင်း |
| ပညာရေး | ကောင်း | သင့် | ကောင်း | သင့် | ကောင်း | သင့် | ကောင်း | ကောင်း | ကောင်း | ကောင်း | သင့် | ကောင်း |
| နိုင်ငံခြားကံ | သင့် | ကောင်း | သင့် | ကောင်း | ကောင်း | သင့် | ကောင်း | ကောင်း | ကောင်း | သင့် | ကောင်း | ကောင်း |
| ကျန်းမာရေး | သင့် | သင့် | ညံ့ | သင့် | သင့် | ညံ့ | ကောင်း | သင့် | သင့် | သင့် | သင့် | ညံ့ |
| ထီကံ | ညံ့ | ညံ့ | ကောင်း | ညံ့ | ကောင်း | ညံ့ | ကောင်း | ကောင်း | ကောင်း | ညံ့ | ညံ့ | ကောင်း |



www.shweo.net

## ၂၀၁၃- အသေးစိတ်ဟောကိန်း

### ■ Jan 1st မှ Jan 7th ကြား

ပြောင်းလဲဖြစ်ပေါ်လာသော အခြေအနေသစ်များနှင့်ဦးတည်ချက်သစ်များကို လက်တွေ့အသုံးချ၍အောင်မြင်သောအနေအထားနှင့် တက်လမ်းများအခိုင်အမာဖြစ်ပေါ်မည်။ ရုတ်တရက်ဦးတည်ချက်ပြောင်း၍ ဆောင်ရွက်ခြင်းမှထူးခြားသောတက်လမ်းများ ဖြစ်ပေါ်မည်။ နာမည်အောင်မြင်မှုနှင့် ဘဝတိုးတက်မှုတို့ကို ဆောင်ရွက်နိုင်မည်။ မတော်တဆထိခိုက်မှုအန္တရာယ် ဂရုစိုက်ရမည်။ သူတစ်ပါးကိစ္စများ လိုက်လံကူညီရင်း ရန်ပဋိပက္ခများကြုံမည်။ တစ်ပြိုင်နက်တည်း အလုပ် (၂) မျိုး လုပ်ကိုင်အောင်မြင်မည်။ လုပ်နေဆဲကိစ္စတစ်ခုရပ်တန့်၍ ယခင်ရပ်တန့်ထားသောအလုပ်ကိစ္စများကို ပြန်လည်ဆောင်ရွက်ရခြင်းရှိမည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။

### ■ Jan 8th မှ Jan 14th ကြား

ရန်အပြိုင်အဆိုင်များကို ရင်ဆိုင်ပြီးဖြေရှင်းရမည်။ ဦးတည်ချက်ပြောင်း၍လုပ်ကိုင်ခြင်းမှ အနှောင့်အ

www.shweo.net

ယှက်များကြုံမည်။ ပြီးမှအလိုပြည့်သောအနေအထားသို့ ရောက်ရှိမည်။ မနာလိုရန်အတိုက်အခံများ၏ နေရာပြောင်းရာမှ ပြောင်းလဲသောနေရာတွင် အတိတ်ရန်အပေါင်းရှိသူများနှင့် ပြန်လည်ဆုံကာ ပဋိပက္ခများဖြစ်ရတတ်သည်။ လူပေါင်းများ၊ ဆုံးဖြတ်ချက်မှားမည်။ မှားယွင်းသောအကြံပေးချက်အပေါ် လိုက်လံဆောင်ရွက်မိခြင်းကြောင့် ပဋိပက္ခများဖြစ်ပေါ်မည်။ ပြီးမြောက်သွားပြီဟုသတ်မှတ်ထားသော ပြဿနာပေါင်းတို့ကို အသစ်သဖွယ် ပြန်လည်ဖြေရှင်းရကိန်းရှိမည်။ လူမှုရေးကိစ္စများတွင် ကူညီရမည်။ အမှုကိစ္စများလိုက်လံကူညီဖြေရှင်းပေးရမည်။ အလုံးစုံအောင်မြင်မည်။

## ■ Jan 15$^{th}$ မှ Jan 21$^{st}$ ကြား

မိတ်ကောင်း၊ ဆွေကောင်းအကူအညီရမည်။ အခက်အခဲများ ဖြေရှင်းနိုင်မည်။ ကျန်းမာရေးအညံ့ရှိမည်။ စိတ်ကူးသစ်နှင့် ဆောင်ရွက်သောကိစ္စများတွင် ထူးခြားစွာတိုးတက်မှုရရှိမည်။ ကြားလူများစကားရှုပ်ထွေးမှုကြောင့် စီစဉ်ထားသောအလုပ်များ ပြန်လည်စတင်ရသော အနေအထားရှိမည်။ အမျိုးသမီးမိတ်ဆွေ အကြီးအကဲတစ်ဦးထံမှ အကူအညီကောင်းရရှိမည်။ မိသားစုအတွင်း ဖြစ်ပေါ်နေသော



ပြဿနာများအေးငြိမ်းမည်။ သူတစ်ပါးနှင့်ပဋိပက္ခများဖြစ်မည်။ ကိုယ့်ဘက်ကမည်မျှကောင်းမွန်တိကျစွာဆောင်ရွက်စေအပြစ်လွတ်မည်မဟုတ်။ ပြဿနာရှာ၍နှောင့်ယှက်ဒုက္ခပေးခြင်းမျိုးကိုကြုံမည်။ တန်ဖိုးကြီးမားသောပစ္စည်းများဝယ်ယူရန်အခါမသင့်။ အရှုံးပေါ်တတ်သည်။

## ■ Jan 22$^{nd}$ မှ Jan 28$^{th}$ ကြား

စကားမတည်သူများနှင့်တွေ့မည်။ ကတိစာချုပ်များပြင်ဆင်ချုပ်ဆိုရမည်။ သူတစ်ပါးကတိပျက်၍ချိန်ဆထားသည်များအားလုံး အလွဲလွဲအချော်ချော်ဖြစ်ကာနှောင့်နှေးကြန့်ကြာမည်။ ခရီးကိစ္စများကို ဆောင်ရွက်ရန်အတွက်အထူးအခါသင့်သည်။ ဖြစ်နိုင်ခြေမရှိဟု အများတကာကသတ်မှတ်ထားသည့်လုပ်ငန်း၊ စိန်ခေါ်မှုသစ်များကိုရဲရင့်စွာလုပ်လိုက၍ရက်အတွင်း ရှေ့တိုးလုပ်ကိုင်ပါ။ မရည်ရွယ်ဘဲလုပ်ကိုင်လိုက်သောကိစ္စမှန်သမျှသည် ထူးခြားသောအကျိုးဆက်သစ်များဖြစ်လာမည်။ လျှို့ဝှက်သတင်းပေါက်ကြားတတ်သည်။ စာရွက်စာတန်းများပျောက်ရတတ်သည်။ ငွေပျောက်လွယ်သည်။ ယုံကြည်လွှဲအပ်ထားသောသူများမှအလွဲသုံးစားလုပ်ခြင်းများပြုလိမ့်မည်။

www.shweo.net

### ■ Jan 29th မှ Feb 4th ကြား

ဦးတည်ချက်များအောင်မြင်၍ အလိုဆန္ဒရှိသည်များအဆင်ပြေမည်။ ပုံမှန်ငွေဝင်ခြင်းထက်ပိုဝင်မည်။ ရသင့်သည်များကို ပြန်လည်တောင်းခံခြင်း၊ ငွေကြေးကိစ္စများကိုပြောဆိုခြင်းအတွက် အခါကောင်းကျရောက်သည်။ မိသားစုတွင် အလုပ်တိုးတက်ခြင်းများရှိမည်။ ကြိုးစားအားထုတ်ပြီးဆောင်ရွက်ထားသည့်ကိစ္စများအတွက် တစ်ပါးသူများကဝင်ရောက်၍အညွှန့်ချိုးခြင်း၊ နာမည်ကောင်းယူခြင်းပြုလိမ့်မည်။ အတတ်ပညာကိုအခြေတည်၍ ဖြစ်ပေါ်လာသောတိုးတက်မှုတို့ကို လက်တွေ့အသုံးချနိုင်မည်။ တစ်ပါးသူစကားနားယောင်မိ၍ ငွေအချို့ဆုံးရှုံးနိုင်သည်။ အကြီးအကဲအမျိုးသမီးများ၏ ကျန်းမာရေးချူချာမည်။ ကာလအတန်ကြာ ဆိုင်းငံ့ထားသောလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ဆောင်ရွက်ရခြင်းရှိမည်။

### ■ Feb 5th မှ Feb 11th ကြား

ရန်အနှောင့်အယှက်များ၊ ပဋိပက္ခများနှင့်ထိပ်တိုက်တွေ့မည်။ ရန်အပြိုင်အဆိုင်နှင့် အနှောင့်ပြုသူများဝန်းရံနေသည်။ ရောင်းမှားဝယ်မှားဖြစ်တတ်သည်။ အငြင်းပွားမှုနှင့်ပြဿနာများဖြစ်ပေါ်နိုင်သည်။ စကားမှားတတ်သည်။ ကတိလွှန်တတ်သည်။ စိတ်ဒေါသအမျက်နှင့်ဆောင်ရွက်၍ အမှားပါတတ်သည်။ စက်ပစ္စည်းများအပျက်အစီးများမည်။ မီးအန္တရာယ်သတိရှိရမည်။ လျှပ်စစ်ပစ္စည်းများကိုသတိနှင့်ကိုင်တွယ်ပါ။ ဆောင်ရွက်နေကျမဟုတ်သော အလုပ်များလုပ်ကိုင်ရင်း စိတ်အနှောင့်အယှက်ဖြစ်ရတတ်သည်။ ကိုင်တွယ်နေကျမဟုတ်သော ယာဉ်ကားများမောင်းနှင်၍ အန္တရာယ်ရှိတတ်သည်။ အစားအသောက်မှား၍ ဝေဒနာဖြစ်တတ်သည်။

### ■ Feb 12th မှ Feb 18th ကြား

ဘဝအောင်မြင်မှုနှင့် အလိုဆန္ဒပြည့်စုံမှုတို့အတွက် အထူးကောင်းမွန်သည့်ကာလဖြစ်သည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချ၍ ပြတ်သားစွာဆောင်ရွက်နိုင်လေ တိုးတက်မှုမြင့်လေဖြစ်မည်။ သူတစ်ပါးအပေါ်ငဲ့ညှာ၍ နှောင့်နှေးနေခြင်းမရှိသင့်။ အလိုဆန္ဒရှိရာတို့ကို ရှေ့တိုးလုပ်ရန်အခါသင့်သည်။ အလုပ်အပြောင်းအလဲ၊ နေရာအပြောင်းအလဲနှင့်ပတ်သက်သောရေးရာကိစ္စတို့ကိုဆောင်ရွက်၍ ထူးခြားစွာအောင်မြင်မည်။ ငွေအပေးအယူကိစ္စများ သတိနှင့်ဆောင်

www.shweo.net

ရွက်ပါ။ အငြင်းပွားရတတ်သည်။ လူလိမ်၊ လူကောက်အန္တရာယ်ဂရုစိုက်ရမည်။ လူမျိုးကွဲ၊ ကပြားစပ်သူများနှင့်ပူးပေါင်း၍ လုပ်ကိုင်သောကိစ္စများတွင် ပြဿနာများဖြစ်ပေါ်နိုင်သည်။ ခရီးကိစ္စအဆင်ပြေမည်။

## ■ Feb 19th မှ Feb 25th ကြား

ဤသို့ဖြစ်လာလိမ့်မည်ဟူ၍ လုံးဝမထင်မှတ်ထားသောအံ့ဖွယ်ထူးခြားသည့် အကြောင်းဖြစ်ရပ်နှင့်ဘဝကံတိုးတက်မှုများဖြစ်ပေါ်မည်။ ဆောင်ရွက်ထားသည့်ကိစ္စများအပေါ်အကျိုးဆက်ကောင်းရရန်အတွက် ဆောင်ရွက်ရမည့်ကာလဖြစ်သည်။ စောင့်စားနေသောအခါသို့ရောက်ပြီဖြစ်ပေရာအလုပ်ကိစ္စမှန်သမျှကို ပြတ်သားစွာဆောင်ရွက်ရန်ဖြစ်သည်။ ဆန့်ကျင်ဘက်ပြုသူများ ရှိနေဆဲဖြစ်လင့်ကစားအလိုပြည့်စုံခြင်းနှင့် ရန်အလုံးစုံကိုအောင်နိုင်စွမ်းရှိသည်။ အတတ်ပညာနှင့်အောင်မြင်မှုများကို ဖန်တီးရရှိမည်။ မရည်ရွယ်ဘဲခရီးသွား၍ ကောင်းသောအကျိုးရရှိမည်။ အလုပ်နေရာအပြောင်းအရွှေ့ရှိမည်။ လူသစ်များနှင့်ဆက်ဆံရမည်။ မရောက်ဖူးသောအရပ်ဒေသများသို့ သွားရောက်ရကိန်းရှိမည်။ ပြည်ပနိုင်ငံရပ်ခြားသွားရမည်။



## ■ Feb 26th မှ Mar 3rd ကြား

ကိုယ်စွမ်းကိုယ်စတို့ကို စနစ်တကျအသုံးချနိုင်ပြီးဆောင်ရွက်သမျှ အခြားသူတို့ထက်ပို၍ ထိထိမိမိထွန်းပေါက်အောင်လုပ်နိုင်သော အချိန်ကာလဖြစ်သည်။ ပညာအတတ်ကိုအသုံးချ၍ အဆင့်မြင့်သောတိုးတက်မှုတို့ကို ဖန်တီးနိုင်မည်။ ရုတ်တစ်ရက်ဆုံးဖြတ်၍ ဆောင်ရွက်သောလုပ်ငန်းမှအဆင့်မြင့်အောင်မြင်မှုများ ဖြစ်ပေါ်မည်။ ဆုံးဖြတ်ချက်များမှန်ကန်မည်။ ပေါ်ပေါက်သောအခြေအနေတို့ကို လက်တွေ့အသုံးချရန်အခါသင့်သည်။ အပြောင်းအရွှေ့၊ အပြောင်းအလဲအတွက် လုပ်ကိုင်ရန်အခါကောင်းဖြစ်သည်။ မေတ္တာစန်းပွင့်မည်။ မိသားစု၊ မောင်နှမသားချင်းတို့အတွက် စိတ်ပင်ပန်းရသောကာလဖြစ်သည်။ အတတ်ပညာအတွက်ဆောင်ရွက်သူများအဖို့ ထူးချွန်စွာအောင်မြင်ခြင်းများ ဖြစ်ပေါ်မည်။

## ■ Mar 4th မှ Mar 10th ကြား

အတတ်ပညာနှင့်ဆောင်ရွက်ခြင်းမှန်သမျှ အကျိုးရှိမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း ပညာနှင့်ပတ်သက်သောဆောင်ရွက်ခြင်းများမှ ထိထိမိမိလုပ်ကိုင်အောင်မြင်နိုင်မည်။ တစ်ပြိုင်နက်

www.shweo.net

တည်းတစ်ခုထက်ပိုသောကိစ္စများ ဆောင်ရွက်အောင်မြင်ခြင်းရှိမည်၊ ထင်ရာစိုင်းခြင်း၊ တဇွတ်ထိုးလုပ်ခြင်း၊ အရွဲ့တိုက်ခြင်းသဘာဝ(၃)ခုကို အခါတိုင်းထက်ပို၍ဖြစ်ပေါ်မည်၊ နေရာသစ်သို့ ပြောင်းလဲ၍ဆောင်ရွက်ရာမှ အဆင့်မြင့်အောင်မြင်မှုများ ဖြစ်ပေါ်မည်၊ ကြိုးပမ်းထားသည်များ၏ အဆင့်မြင့်ရလဒ်ကောင်းများကို လက်တွေ့ခံစားရမည်၊ မိသားစုတွင် အသက်အရွယ်ကြီးရင့်သူတို့၏ ကျန်းမာရေးအညံ့ရှိမည်၊

## ■ Mar 11th မှ Mar 17th ကြား

စိတ်အနှောင့်အယှက်နှင့် အတိုက်အခံများ၊ လူယုံဒုက္ခပေးခြင်းများ ဖြစ်ပေါ်မည်၊ စိတ်စေတနာကောင်းအပေါ် အခွင့်ကောင်းယူ၍ ကိုယ်ကျိုးရှာသူများကြောင့် စေတနာ၊သဒ္ဓါလျှော့ပါး၍ အရှိုင်းစိတ်ဝင်တတ်သည်၊ သိနေသောအချက်တို့ကို မသိသယောင်ဆောင်ပါ၊ ပြောလိုသောစကားအချို့ကို မြိုသိပ်ခြင်းပြုပါ၊ အကျိုးမဲ့စေမည့် အလုပ်ကိစ္စများလုပ်ကိုင်ရန် တိုက်တွန်းသူများပေါ်မည်၊ ငွေကြေးကိစ္စမှန်သမျှ သတိနှင့်ဆောင်ရွက်ပါ၊ တစ်ပါးသူကြောင့် ကိုယ့်နာမည်ပျက်ရကိန်းကြုံနိုင်သည်၊ အကုန်အကျ၊ အပျောက်အရှ



များမည်၊ ဆိုင်းငံ့ထားသောအလုပ်များ ပြန်လည်ဆောင်ရွက်ရမည်၊ တာဝန်ယူခြင်း၊ အာမခံခြင်းမပြုရ၊ နေရာသစ်သို့ပြောင်းလဲ၍ ဦးတည်ချက်သစ်နှင့် လုပ်ကိုင်ခြင်းမှအောင်မြင်မှုရမည်၊

## ■ Mar 18th မှ Mar 24th ကြား

ရည်ရွယ်ထားသည်များအပေါ် စနစ်တကျလုပ်ကိုင်နိုင်၍ ရှိရင်းစွဲအနေအထားမှ ပိုမိုမြင့်သောအနေအထားသို့ပြောင်းလဲလုပ်ကိုင်နိုင်မည်၊ ငွေကြေးကိစ္စ၊ စီးပွားရေးကိစ္စတို့ကို ကိုယ်တစ်ဦးတည်းသာမက မိသားစုနှင့်ဖြစ်စေ၊ သူတစ်ပါးနှင့်ဖြစ်စေ ကောင်းကျိုးဖြစ်ထွန်းမည်၊ မေတ္တာရေးကံကောင်းမည်၊ စုပေါင်းလုပ်ငန်းအကျိုးပေးမည်၊ အမျိုးသမီးမိတ်ဆွေအကြီးအကဲတို့ထံမှ ကောင်းသောအထောက်အကူရမည်၊ အလိုပြည့်ခြင်းနှင့် အဆင့်မြင့်တိုးတက်ခြင်းများဖြစ်ပေါ်မည်၊ စုပေါင်းလုပ်ငန်းအကျိုးပေးမည်၊ သူတစ်ပါးနှင့်ပူးပေါင်းဆောင်ရွက်ခြင်းများလုပ်ကိုင်ရမည်၊ အရပ်ဝေး၊ နိုင်ငံရပ်ခြားခရီးကိစ္စများ ဆောင်ရွက်၍ ထွန်းပေါက်အကျိုးပေးမည်၊

www.shweo.net

## ■ Mar 25th မှ Mar 31st ကြား

ပြောင်းလဲနေသော အခြေအနေအရပ်ရပ်နှင့်ဖြစ်ပေါ်လာသောအခွင့်အရေးသစ်တို့သည် ဘဝအခြေအနေသစ်သို့ဦးတည်၍ တိုးတက်သောအနေအထားတို့ကို ဖြစ်ပေါ်စေသည်။ နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့ သွားရောက်မည့်သူတို့၏ကိစ္စများ လိုက်လံကူညီဆောင်ရွက်ရင်း ပြည်ပကံကိုယ်တိုင်တွင်ဖြစ်ထွန်းမည်။ ခရီးသွားကံပေါ်ပေါက်မည်။ မရောက်ဖူးသောအရပ်ဒေသများသို့ သွားရောက်ရခြင်းကြုံမည်။ အခြေအတင်ပြောရလိမ့်မည်ဟု မထင်မှတ်ထားသောသူနှင့်စကားများရခြင်းနှင့် ပဋိပက္ခဖြစ်ခြင်းများကြုံမည်။ ငွေလာရောက်ချေးယူပြီးပြန်မဆပ်သောသူနှင့်ကြုံမည်။ ပစ္စည်းငှားရမ်းပြီးပြန်မပေးသူများနှင့်ကြုံမည်။ ခေတ္တငှားရမ်းပြီး ဖျက်လိုဖျက်ဆီးလုပ်ပြီး ကိုယ်မလုပ်သယောင်ဆောင်သူများနှင့်ကြုံမည်။

## ■ Apr 1st မှ Apr 7th ကြား

တစ်ပါးသူဆောင်ရွက်ရန် ခက်ခဲသောကိစ္စများကို စနစ်တကျဆောင်ရွက်လုပ်ကိုင်နိုင်မည်။ ငွေအစုလိုက်ဝင်မည်။ အခက်အခဲများကိုကျော်လွှားနိုင်မည်။ ရုတ်တရက်



ဆုံးဖြတ်ပြီးဆောင်ရွက်သောကိစ္စမှ ထူးခြားသောတက်လမ်းရရှိမည်။ ကာလအတန်ကြာ ဆိုင်းငံ့ထားသောကိစ္စများကို အချိန်ပိုလုပ်ရခြင်းများကြုံမည်။ တစ်ပါးသူတို့မရိုးမသားအရှုပ်အထွေးများဆောင်ရွက်ထားခြင်းအား တာဝန်ယူဖြေရှင်းရမည်။ စီစဉ်သောခရီးတစ်ခုနှောင့်နှေးမည်။ အခက်အခဲတို့ကိုကျော်လွှား၍ အောင်မြင်အဆင်ပြေခြင်းတို့ဖြစ်ပေါ်မည်။ စွန့်စား၍လုပ်သောလုပ်ငန်း၏ အကျိုးဆက်ကောင်းကိုရရှိမည်။ ရုတ်တရက်ပေါ်ပေါက်လာသော အခြေအနေကိုအသုံးချ၍အဆင့်မြင့်တက်လမ်းတို့ကို ဆောင်ရွက်နိုင်မည်။

## ■ Apr 8th မှ Apr 14th ကြား

အခက်အခဲအားလုံးကိုကျော်လွှား၍ အောင်မြင်မှုများအထင်အရှား ဖန်တီးနိုင်လိမ့်မည်။ မတော်တဆထိခိုက်မှုအန္တရာယ်သတိရှိပါ။ ယာဉ်ကားများကိုဂရုတစိုက်ကိုင်တွယ်မောင်းနှင်ပါ။ တံခါးအဖွင့်အပိတ်၌တံခါးညပ်၍ အရိုးအကြောထိခိုက်ခြင်းများဖြစ်မည်။ ညာဘက်ခြေသန်းမတော်တဆထိခိုက်မှု မကြာခဏဖြစ်မည်။ ငွေကြေးအပေးအယူကိစ္စများတွင် ယုံစားမှုလွန်ကဲခြင်းမရှိသင့်။ နှုတ်ဆိတ်ခြင်း၊ စကားနည်းခြင်းတို့၏ အကျိုးဆက်ကောင်းကိုရမည်။ နား

www.shweo.net

လည်မှုမရှိသောသူများနှင့် တွဲဖက်လုပ်ကိုင်ခြင်းပြုရမည်၊ အတွေ့ကြီးသူများနှင့်ဆက်ဆံနေရမည်၊ ကွယ်ရာတွင်အတင်းအဖျင်းပြော၍ ရှေ့တွင်တညှက်ညှက်ပြောတတ်သော သိမ်ဖျင်းသောသူများကြောင့် နာမည်သိက္ခာ ထိခိုက်တတ်သည်၊

## ■ Apr 15th မှ Apr 21st ကြား

စိတ်ပျက်ဖွယ်ရာနှင့် စိတ်ရှုပ်ထွေးစရာများရောထွေးဖြစ်တည်မည်၊ ဆုံးဖြတ်ထားသည့်အတိုင်း လုပ်ကိုင်ကထူးခြားသောအကျိုးဆက်ရမည်၊ ဆွဲဆောင်သူစကားနားမယောင်သင့်၊ အလိုလောဘကြီးသူများနှင့်တွေ့မည်၊ အပျော်လွန်သူများနှင့် ဆက်ဆံရမည်၊ လုပ်ငန်းဆိုင်းငံ့ခြင်း၊ ဆောင်ရွက်မှုနှောင့်နှေးခြင်းများဖြစ်ပေါ်မည်၊ ငွေကြေးအပေးအယူကိစ္စများတွင် သတိနှင့်ယှဉ်၍ဆောင်ရွက်ရမည်၊ လက်ဝယ်ရှိနေသောအခွင့်အရေးတို့ကို ယှဉ်ငင်နှောင့်ယှက်သူများနှင့်ကြုံမည်၊ အပြိုင်အဆိုင်အနှောင့်အယှက်များကိုဖြေရှင်းနိုင်မည်၊ အသွားခရီးတွင်အဆင်ပြေသလောက် အပြန်လမ်းတွင်လက်မှတ်ဝယ်ယူရန် ခက်ခဲခြင်း၊ အချိန်ရွှေ့ဆိုင်းရခြင်းတို့ဖြစ်ပေါ်မည်၊



## ■ Apr 22nd မှ Apr 28th ကြား

မသေချာမရေရာမှုများ လွှမ်းမိုးနေသည်၊ မည်သည့်ကိစ္စကိုမဆို တစ်ကြိမ်မကလုပ်ပြီးမှအဆင်ပြေမည်၊ လွယ်လင့်တကူအဆင်ပြေစွာ ဆောင်ရွက်နိုင်သည်ဟူ၍မရှိ၊ အကျိုးရှိအောင်ကူညီခြင်းထက် အကျိုးပျက်အောင်တိုက်တွန်းသူများနှင့်တွေ့မည်၊ အလိုရှိသောကိစ္စကိုလုပ်ကိုင်နိုင်ခြင်းမရှိ၊ အလဟဿအချိန်ဖြုန်းတီးရသော အခြေအနေရှိမည်၊ အပျော်အပါးအတွက် ငွေကုန်ခံပြီးဆောင်ရွက်ခြင်းပြုသူကြောင့်မိသားစုတွင် စိတ်အနှောင့်အယှက်ရှိမည်၊ အဆုံးသတ်ခါနီးမှလူညစ်များနှင့်ကြုံကာ စာရွက်စာတမ်းတစ်ခု၊ စာကြောင်းတစ်ကြောင်းကြောင့် ရက်ကြာမြင့်စွာနှောင့်နှေးသောအခြေအနေရှိမည်၊ မည်သည့်ကိစ္စကိုမဆိုကြိုတင်မှန်းချက်ထား၍ တွက်ဆကာလုပ်၍မရ၊

## ■ Apr 29th မှ May 5th ကြား

အခက်အခဲအညှံ့မှန်သမျှ တစစလျော့ပါး၍ အခက်အခဲအားလုံးကိုကျော်လွှားကာ အလိုဆန္ဒရှိသလောက်ထင်ရှားထွန်းပေါက်စွာ လုပ်ကိုင်နိုင်မည်၊ အကြီးအကဲများထံမှအထောက်အကူကောင်းများရရှိမည်၊ အတတ်ပညာ

www.shweo.net

နှင့်အဆင့်မြင့်တက်လမ်းများ ပေါ်ထွန်းမည်။ သူတစ်ပါးနှင့်မတူသော အတွေးအကြံအစည်များနှင့် ဆောင်ရွက်အောင်မြင်သောအခြေအနေကောင်းများ ပေါ်ပေါက်မည်။ မိသားစုအတွက်ရည်စူးဆောင်ရွက်မှုများမှ ကောင်းသောအကျိုးများဖြစ်ပေါ်မည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ မြင့်မြတ်၍သီလစင်ကြယ်သော ပုဂ္ဂိုလ်မြတ်များနှင့်ကြုံတွေ့မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ ယှဉ်ပြိုင်၍လုပ်သည်များမှ ထင်ရှားသောတက်လမ်းပေါ်မည်။

## ■ May 6th မှ May 12th ကြား

ယှဉ်ပြိုင်သူအားလုံးအပေါ် ပြတ်သားစွာကျော်လွှားအောင်မြင်နိုင်မည်။ အောင်မြင်ခြင်းနှင့်ကောင်းသောကျော်ကြားခြင်းတို့ရရှိမည်။ အလေအလွင့်၊ အပျောက်အရှများမည်။ ကိုယ်တိုင်လုပ်သောကိစ္စများတွင် အဆင်ပြေမှုရှိမည်။ သူတစ်ပါးအားလွှဲအပ်လုပ်ကိုင်မှုများမှ အချိန်နှောင့်နှေးခြင်းဖြစ်ပေါ်မည်။ စိတ်ကူးသစ်ပေါ်၍ ရဲ့ထွင်လုပ်သောအလုပ်ကိစ္စများမှ အဆင့်မြင့်အောင်မြင်ခြင်းဖြစ်ပေါ်မည်။ ကြီးကဲသူတို့၏ကျန်းမာရေးအညံ့ရှိသည်။ အိမ်ပြင်ရာမှအတောမသတ်ကုန်ကျခြင်းမျိုး ဖြစ်တတ်သည်။ အသေးစား



ပျက်နေသောစက်ပစ္စည်းတစ်ခုအား ပြင်ဆင်နေရာမှသုံးမရအောင်ပျက်သွားတတ်သည်။ ပညာတတ်လင့်ကတား ဆိုးညစ်ရိုင်းစိုင်းသူများနှင့် ပဋိပက္ခဖြစ်တတ်သည်။

## ■ May 13th မှ May 19th ကြား

အလွဲလွဲအချော်ချော်နှင့် ဆုံးရှုံးစရာများဆက်တိုက်ဖြစ်လာမည်။ အကျိုးအမြတ်ကောင်းစွာရရှိမည်ဟူ၍မျှော်လင့်ကာဆောင်ရွက်ထားသောကိစ္စများမှ ကြီးမားသောဆုံးရှုံးမှုများဖြစ်ပေါ်မည်။ အလုပ်စီးပွားအကြောင်းနားမလည်သောသူများက တွေးခေါ်စဉ်းစား ဆောင်ရွက်ခြင်းများသည် ကျွမ်းကျင်သောသူများထက်ပို၍ အတွက်အဆမှန်ကန်နေမည်။ ရောင်းမှားဝယ်မှားဖြစ်မည်။ ပစ္စည်းပျောက်ခြင်း၊ ချေးကတားခြင်းမပြုရ။ ဝေဖန်သူများအခွင့်ပေါ်လျှင်တွန်းတိုက်နေရာဝင်လုမည့်သူများ ဝန်းကျင်တွင်ရှိနေမည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စတို့တွင် အရှုပ်အထွေးများရှိနေမည်။ အမှုမရှိဘဲ ရုံး၊ ဂါတ်ရောက်မည်။

## ■ May 20th မှ May 26th ကြား

မေတ္တာရေးကံကောင်းမည်။ မိတ်ကောင်း၊ ဆွေ

www.shweo.net

ကောင်းအထောက်အကူရမည်၊ အခက်အခဲများကိုပြေလည်အောင်ဖြေရှင်းနိုင်မည်၊ ဦးတည်ချက်သစ်နှင့်လုပ်ကိုင်မှုများ၏အကျိုးဆက်ကို ရရှိမည်၊ အရပ်ဝေးနှင့်ဆက်သွယ်၍ဆောင်ရွက်သောကိစ္စမှ အောင်မြင်မှုရရှိမည်၊ အလှူမင်္ဂလာကိစ္စများပါဝင်ပတ်သက်ရမည်၊ ဘုန်းကြီးကျောင်းတွင်ဖိနပ်ပျောက်မည်၊ ထိုသို့ဖြစ်ပြီးမကောင်းသောအညံ့အဆိုးများကင်းဝေးပပျောက်သွားမည်၊ မိသားစုတွင်စိတ်ချမ်းမြေ့စရာသတင်းကောင်းများ ပေါ်ထွန်းမည်၊ နေရာပြောင်း၍ဆောင်ရွက်သောကိစ္စများမှ တိုးတက်ခြင်းကြုံမည်၊ သူတစ်ပါးအိမ်ထောင်ရေးပြဿနာကြားတွင်လည်းကောင်း၊ အမှုပြဿနာများတွင်လည်းကောင်း ကြားဝင်၍ကူညီဆောင်ရွက်ခြင်းမပြုရ၊ ပြဿနာကြီးတတ်သည်၊

## ■ May 27th မှ June 2nd ကြား

အခက်အခဲအညံ့မှန်သမျှ ကင်းစင်ပပျောက်၍အလိုဆန္ဒရည်ရွယ်ချက်များ အပြည့်အဝအောင်မြင်ရန်အခြေအနေပေးခြင်းနှင့် အခွင့်အရေးကောင်းပေါ်ထွန်းခြင်းများရှိမည်၊ ကစဉ့်ကလျားဖြစ်နေသောကိစ္စများကို စနစ်တကျ ပြန်လည်ပြုပြင်နိုင်လိမ့်မည်၊ ပြန့်ကျဲနေသောငွေကြေး



များကိုပြန်လည်စုစည်းသင့်သည်၊ လူလိမ်၊ လူရှုပ်များအန္တရာယ်ဂရုစိုက်ရမည်၊ ဆက်ဆံနေသောဝန်းကျင်အတွင်းအပြောင်းအလဲနှင့် တိုးတက်မှုသစ်များ အခိုင်အမာဖြစ်ပေါ်မည်၊ အိမ်တွင်းပစ္စည်းပျောက်တတ်သည်၊ ရေချိုးခန်း၊ လက်ဆေးရေကန်အနီးအပါးတွင် နာရီ၊ လက်ဝတ်ရတနာပျောက်တတ်သည်၊ သွားလာစဉ်မေ့ကျန်ခဲ့၍ ပျောက်ရှခြင်းများဖြစ်မည်၊ အသက်အရွယ်ကြီးသူတို့၏ ကျန်းမာရေးကိုငွေကုန်စိတ်ပန်းခံဆောင်ရွက်ရမည်၊

## ■ June 3rd မှ June 9th ကြား

အရာရာအောင်မြင်ခြင်းနှင့် အလိုဆန္ဒပြီးမြောက်ပြည့်စုံခြင်းတို့ကြုံတွေ့ရမည်၊ ခက်ခဲသောပြဿနာများဖြေရှင်းရမည်၊ ကိုယ်လုပ်သောအလုပ်အကြံအစည်မှန်သမျှအပြည့်အဝအောင်မြင်မည်၊ ပုံမှန်ထက်ငွေဝင်ခြင်းများဖြစ်ပေါ်မည်၊ အလုပ်တိုးတက်မည်၊ အလုပ်သစ်ဆောင်ရွက်၍အကျိုးရှိမည်၊ ဆုံးဖြတ်ချက်မှန်မည်၊ မူလဘဝမှပိုမိုမြင့်မားသောအခြေအနေသို့ ပြောင်းလဲတိုးတက်ခြင်းရှိမည်၊ ဆုံးရှုံးနစ်နာထားသည်များကို ပြန်လည်ရရှိမည်၊ အရပ်ဝေး၊ နိုင်ငံရပ်ခြားနှင့်တိုက်ရိုက်ဆက်ဆံပြီး လုပ်ကိုင်ခြင်းတို့မှအကျိုး

www.shweo.net

ဆက်ရရှိခြင်းကိုလည်းကြုံမည်။ နေရာပြောင်း၍လုပ်ကိုင်ခြင်း၊ ခရီးသွား၍ဆောင်ရွက်ခြင်းတို့၏ အနှစ်သာရကိုကြုံမည်။

## ■ June 10th မှ June 16th ကြား

ရန်အပြိုင်အဆိုင်များရှိမည်။ အနီးကပ်လူဒုက္ခပေးမည်။ ဦးတည်ချက်သစ်နှင့်ဆောင်ရွက်ခြင်းတို့၏အကျိုးဆက်ကောင်းများဖြစ်ပေါ်မည်။ မနာလိုသောသူများ၊ အပြိုင်အဆိုင်ပြုသူများကြောင့် လုပ်ငန်းဟောင်းကိုဆိုင်းငံ့ရမည်။ လမ်းသစ်ထွင်ကာလုပ်ရာမှ မူလထက်ပိုမိုသာမြင့်သောအကျိုးဆက်ကောင်းများဖြစ်ထွန်းမည်။ စက်ပစ္စည်းများအပျက်အစီးများမည်။ ရန်အတိုက်အခံနှင့်ဆောင်ရွက်သောကိစ္စများမှ ကောင်းသောအကျိုးဆက်ရမည်။ သံယောဇဉ်ထားမှားခြင်းကြောင့် စိတ်သောကဖြစ်မည်။ အခက်အခဲနှင့်ကြုံလေ တိုးတက်မှုအရှိန်မြင့်မားလေဖြစ်မည်။ ကိုယ်လုပ်သမျှသိုသိုသိပ်သိပ်ဆောင်ရွက်လေ အကျိုးရှိလေဖြစ်မည်။ ရောင်းမှား၊ ဝယ်မှားဖြစ်တတ်သည်။



## ■ June 17th မှ June 23rd ကြား

အကြံသစ်နှင့်လုပ်ကိုင်မှုများ အောင်မြင်မည်။ နေရာအပြောင်းအရွှေ့ရှိမည်။ လုပ်ငန်းသစ်အောင်မြင်မည်။ နေအိမ်နေရာပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းများ ဆောင်ရွက်အဆင်ပြေမည်။ ပတ်ဝန်းကျင်သစ်အတွင်း ထိုးထွင်းဝင်ရောက်၍တက်လမ်းရရှိမည်။ အရပ်ဝေးနှင့်ဆက်သွယ်၍ လုပ်ကိုင်သောကိစ္စများ အဆင်ပြေမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း လုပ်ကိုင်နေသောလုပ်ငန်း၏ အကြီးအကဲများအပြောင်းအလဲရှိမည်။ ထိုကဲ့သို့ပြောင်းလဲခြင်းပင်လျှင် တိုးတက်မှုကိုရရှိလာမည်။ အချိန်ယူစောင့်ဆိုင်း၍ အခြေအနေကြည့်ခြင်းထက် ရသမျှထိုးဖောက်ကာ ဆောင်ရွက်ခြင်းဖြင့် အကျိုးအမြတ်ရရှိမည်။ ပြည်တွင်းတစ်ကြိမ်တစ်ခါမှ မရောက်ဖူးသော နာမည်ကြီးနေရာတစ်ခုသို့ သွားရောက်ရလိမ့်မည်။

## ■ June 24th မှ June 30th ကြား

ရန်အတိုက်အခံကြားမှ တိုးတက်မည်။ ပဋိပက္ခပြုသူများ၊ ဆန့်ကျင်ဘက်ပြုသူများနှင့် အခြေအတင်ပြောဆိုရမည်။ အရပ်ဝေးမှရောက်လာသောသူများနှင့် ပူးပေါင်း

www.shweo.net

လုပ်ကိုင်မှုများမှ ထူးခြားသောတိုးတက်မှုရမည်။ စိတ်ခံစားမှုနှင့် ကိုယ်ရေးကိုယ်တာတို့ကို ဦးစားပေး၍မရ။ လုပ်သင့်လုပ်ထိုက်သည်တို့ကို အနစ်နာခံ၍ လုပ်ကိုင်ရမည်။ စိတ်ကူးနှင့်ဦးတည်ချက်တို့ကို ပုံစံပြောင်း၍ လုပ်ကိုင်ရန်ဝန်မလေးသင့်။ ကြန့်ကြာနေသည့်ရပိုင်ခွင့်များကို ပြန်လည်ယူငင်သုံးစွဲ၍ အဆင့်မြင့်တက်လမ်းများဆောင်ရွက်ရန် အခြေအနေကောင်းရှိမည်။ အချစ်ရေး၊ မေတ္တာရေး မကောင်း။ ချစ်သူကစိတ်ပြောင်း၍ ကျောခိုင်းခြင်းကိုပြုမည်။ ထိုသို့ဖြစ်ပြီးရက်ပိုင်းအတွင်း အချစ်သစ်ရမည်။

## ■ July 1$^{st}$ မှ July 7$^{th}$ ကြား

အလွဲလွဲအချော်ချော်ဖြစ်ပြီးနောက် ထူးခြားသောတိုးတက်မှုများ အဆင့်ဆင့်ဖြစ်ပေါ်မည်။ စီမံထားသည်များကို လက်တွေ့အသုံးချရန် အခြေအနေကောင်းနှင့်ကြုံမည်။ ကူညီသူများနှင့်ကြုံတွေ့ရမည်။ ငွေကြေးအပေးအယူမှ အငြင်းပွားစရာများကြုံမည်။ ကောင်းသောအခွင့်အလမ်းသစ်များရမည်။ စေတနာကောင်းနှင့်ကူညီသူများ ပေါ်ပေါက်မည်။ ဦးတည်ချက်သစ်ကို လက်တွေ့လုပ်ရန်အခါသင့်သည်။ စန်းပွင့်ခြင်း၊ အချစ်ဟောင်းနှင့် ပြန်လည်ဆုံစည်းခြင်း၊



တစ်ဦးထက်မကသောချစ်သူများကြား ဗျာများရခြင်းကြုံမည်။ အလုပ်ရခြင်း၊ ဘဝအခြေအနေအဆင့်မြင့်မားခြင်းတို့ကြုံမည်။ မိသားစုအလုပ်စီးပွားတွင်လည်း ကောင်းသောတိုးတက်မှုများဖြစ်ပေါ်မည်။

## ■ July 8$^{th}$ မှ July 14$^{th}$ ကြား

ကိုယ်ရေးကိုယ်တာကိစ္စထက် တစ်ပါးသူကိစ္စတို့ကို ဦးစားပေးဆောင်ရွက်နေရမည်။ အပြိုင်အဆိုင်အားလုံးကိုကျော်လွှား၍ အဆင့်မြင့်အောင်မြင်မှုများဖြစ်မည်။ ငွေကုန်ပေါက်များတစ်မျိုးပြီးတစ်မျိုးကြုံမည်။ စီးပွားလုပ်ငန်းဆိုင်ရာတွင် ကောင်းသောအထောက်အကူများရရှိ၍ လိုအင်ဆန္ဒမှန်သမျှ ပြီးပြည့်စုံသောအနေအထားကောင်းကိုကြုံမည်။ အတတ်ပညာကိုအသုံးချ၍ အဆင့်မြင့်သောတက်လမ်းများဖန်တီးနိုင်မည်။ အရပ်ဝေးမှပညာအတတ်ကိုလေ့လာရန်အခြေအနေကောင်းကြုံမည်။ အမှုအခင်းဖြစ်နေသောကိစ္စများကို ကြားဝင်ဖြေရှင်းရခြင်းကြုံမည်။ ကြီးကဲသူများ၏ကျန်းမာရေးအတွက် ပူပင်သောကဖြစ်မည်။ ငွေကြေးကိစ္စအတွက် စကားများ၊ ရန်များမည်။

www.shweo.net

## ■ July 15th မှ July 21st ကြား

ပြဿနာများ၊ အနှောင့်အယှက်များ တစ်မျိုးပြီးတစ်မျိုးကြုံမည်။ အနီးကပ်လူများနှင့် ပဋိပက္ခများဖြစ်ပေါ်မည်။ အမျက်ဒေါသထွက်လွယ်မည်။ စွပ်စွဲခံရတတ်သည်။ နာမည်ပျက်အောင် ဆောင်ရွက်သောသူများနှင့်လည်းကြုံမည်။ အရောင်းအဝယ်ကိစ္စမှန်သမျှသတိရှိရမည်။ အလောတကြီးဝယ်ယူမိ၍ ဆုံးရှုံးနစ်နာမှုများရှိလာမည်။ ပြောင်းလဲနေသောအခြေအနေအရပ်ရပ်ကြောင့် တွက်ဆမှုများယွင်းမည်။ အစဉ်သဖြင့် လိမ်ညာလှည့်စားသူအပေါ် ယုံစားမိ၍သောကပိုပေမည်။ စာချုပ်စာတမ်းကိစ္စ၊ ငွေရေးကြေးရေးကိစ္စတို့အတွက် စကားများရခြင်းများရှိမည်။ ယုံစား၍မရ၊ အားကိုး၍မရသောသူများကြောင့် စိတ်ရှုပ်စရာများဖြစ်ပေါ်မည်။ အိမ်တွင်းရေး၊ လူမှုရေးကိစ္စများတွင် စိတ်အနှောင့်အယှက်များဖြစ်ရမည်။

## ■ July 22nd မှ July 28th ကြား

မိတ်ကောင်းဆွေကောင်းအထောက်အကူနှင့်တိုးတက်မှုအဆင့်ဆင့်ဖြစ်ထွန်းမည်။ ဦးတည်ချက်ပြောင်းလဲ၍ ရည်မှန်းချက်တူသူတို့နှင့်ပူးပေါင်းကာ ရှေ့တိုးဆောင်



ရွက်သောလုပ်ငန်းများ အခိုင်အမာဖြစ်ပေါ်မည်။ မိသားစုနှင့်ပတ်သက်၍ တိုးတက်သောသတင်းစကားများကို ကြုံတွေ့မည်။ တစ်ပါးသူကြောင့် နှောင့်နှေးနေသောကိစ္စများကို အဆင်ပြေအောင် လုပ်ဆောင်နိုင်သည့်အနေအထားကောင်းကိုရရှိမည်။ သူတစ်ပါးနှင့်မတူသော အကြံဉာဏ်ကောင်းများနှင့် တစ်ပါးသူတို့ထက်ပို၍သာမြင့်အောင် လုပ်ဆောင်နိုင်သောအခြေအနေကောင်းများကို ရရှိမည်။ ကျန်းမာရေး အထူးဂရုစိုက်ရမည်။

## ■ July 29th မှ Aug 4th ကြား

တစ်ပြိုင်နက်တည်းဆောင်ရွက်လိုက်သောလုပ်ငန်းနှစ်ခုအနက် စိတ်ပါဝင်စားမှုနည်းစွာ လုပ်လိုက်သောလုပ်ငန်းမှ အောင်မြင်သောအနေအထားကိုရရှိမည်။ အခြေအနေအရပ်ရပ်တွင် တွက်ဆခြင်းငှာမသင့်။ ခရီးသွားခြင်းနှင့်ပတ်သက်သောကိစ္စများကို လိုက်လံဆောင်ရွက်ရင်းမိတ်ဟောင်း၊ ဆွေဟောင်းများနှင့် ပြန်လည်ဆုံစည်းမည်။ ယခင်အတိတ်ကာလက မိမိအပေါ်လွန်စွာဒုက္ခပေးသောသူမှ ပြန်လည်ပူးပေါင်းခြင်းပြုလာလိမ့်မည်။ လက်ခံခြင်းငှာမသင့်။ နေရာအပြောင်းအရွှေ့နှင့် တိုးတက်မှုများကို မျှော်

www.shweo.net

မှန်းသည်ထက်ပို၍ စောလျင်စွာလုပ်ကိုင်နိုင်ပေမည်။ ဦးတည်ချက်ပြောင်းလဲ၍ လုပ်ဆောင်ခြင်းမှ တိုးတက်မှုအဆင့်ဆင့်ဖြစ်ပေါ်ကာ အလိုဆန္ဒရှိသလောက် ထွန်းပေါက်ပေလိမ့်မည်။

## ■ Aug 5th မှ Aug 11th ကြား

အရာရာသတိနှင့်ယှဉ်၍ ဆောင်ရွက်ရမည့်ကာလဖြစ်သည်။ ဆန့်ကျင်ဘက်များနှင့် ထိပ်တိုက်တွေ့ခြင်း၊ ရန်အနှောင့်အယှက်များနှင့်တွေ့ရတတ်သည်။ သူတစ်ပါးကမိမိအပေါ် အမြင်မကြည်လင်မှုများဖြစ်ပေါ်တတ်သည်။ မတော်တဆထိခိုက်မှုများဖြစ်ပွားမည်။ အနီးကပ်ဒုက္ခပေးသောသူများနှင့်တွေ့မည်။ ငွေကြေးနှင့်ပတ်သက်သောကိစ္စမှန်သမျှပြောဆို၍ အောင်မြင်သောအနေအထားကောင်းကိုကြုံမည်။ ဖြစ်ပေါ်လာသောအနေအထား၊ အောင်မြင်မှုတို့အပေါ် မနာလိုအနှောင့်အယှက်ပြုသူများ ပြည့်နက်နေမည်။ ယာဉ်၊ ကားအသစ်များကို ကိုင်တွယ်မောင်းနှင်ခြင်းမပြုသင့်။ မတော်တဆအန္တရာယ်ဖြစ်တတ်သည်။ ကျွမ်းကျင်မှုမရှိသောအလုပ်များ အောင်မြင်၍ အကျွမ်းတဝင်ရှိသောအလုပ်များ နစ်နာဆုံးရှုံးရမည်။



## ■ Aug 12th မှ Aug 18th ကြား

မတော်တဆထိခိုက်မှုအန္တရာယ်ဖြစ်မည်။ ရန်အတိုက်အခံများကို ရင်ဆိုင်ဖြေရှင်းရမည်။ နားလည်မှုလွဲမှားသူများနှင့် ပြန်လည်သင့်မြတ်မည်။ သူတစ်ပါးကြောင့်ဖြစ်ပေါ်နေသော ပြဿနာများပြီးမြောက်အဆင်ပြေသွားမည်။ မတော်တဆထိခိုက်မှုအထူးပြု ဂရုစိုက်ရမည်။ သွေးထွက်သံယိုကိစ္စများ လွှမ်းမိုးနေမည်။ ဦးတည်လိုက်တိုင်း အနှောင့်အယှက်ကြုံသည့်ကိစ္စများမှ ကောင်းသောအကျိုးဆက်များဖြစ်ပေါ်လာပြီး အဆင်ပြေစွာဆောင်ရွက်သောကိစ္စများတွင်ကား ကြီးမားသောအကျိုးရရှိနိုင်ခြင်းမရှိ။ မိဘအကြီးအကဲကျန်းမာရေးအညံ့ရှိသည်။ ဝေးကွာနေသူများနှင့် ပြန်လည်ဆုံစည်းမည်။ ပြတ်တောက်နေသူများနှင့် ပြန်လည်ချိတ်ဆက်မိမည်။

## ■ Aug 19th မှ Aug 25th ကြား

ဦးတည်ချက်သစ်နှင့်လုပ်ကိုင်ရန် အခြေအနေပေါ်မည်။ ဆုံးဖြတ်ချက်မှန်မည်။ အိုးအိမ်နေရာထိုင်ခင်းပြင်ဆင်ခြင်းနှင့် နေရာအပြောင်းအလဲကိစ္စများ ဆောင်ရွက်ရန်အခြေအနေကြုံမည်။ ပြောင်းလဲလာသောအခြေအနေများကို စနစ်တကျအသုံးချ၍ ပိုမိုမြင့်မားသောဘဝအခြေ

www.shweo.net

အနေသို့ကူးပြောင်းမည်။ ပေါ်ပေါက်လာသော အကြံသစ်၊ အတွေးသစ်များကိုလက်တွေ့အသုံးချသင့်သည်။ ချက်ချင်းဆုံးဖြတ်၍ တစ်ဟုန်ထိုးလုပ်သောကိစ္စများ အောင်မြင်မှုရရှိမည်။ အသိုင်းအဝိုင်းသစ်များသည် မျှော်လင့်ထားသကဲ့သို့သစ်လွင်သောအလုပ်အကြံတို့ကိုဆောင်ရွက်မည်မဟုတ်။ အလုပ်နေရာ၊ ဆက်စပ်မှုဝန်းကျင်အသစ်တွင် အချည်းနှီးဖြစ်ပေမည်။

## ■ Aug 26th မှ Sept 1st ကြား

စိတ်အနှောင့်အယှက်ဖြစ်နေရာမှ တစ်စစငြိမ်းချမ်းသွားမည်။ လိုလားသောအောင်မြင်မှုများကို အနိုက်အမာဆောက်ရွက်နိုင်လိမ့်မည်။ လူမျိုးကွဲအကျိုးပေးမည်။ အရပ်ဝေးနှင့်ဆက်သွယ်၍ အကျိုးဆက်ကောင်းများကို လက်တွေ့ဖြစ်ပေါ်မည်။ ဖြစ်လာလိမ့်မည်ဟူ၍ မျှော်လင့်မထားသောအခြေအနေကောင်းများကိုရရှိမည်။ ပြန်လည်ရရှိလိမ့်မည်ဟုမျှော်လင့်မထားသောငွေ၊ ပစ္စည်းတို့ကိုပြန်လည်ရရှိမည်။ အကြံသစ်၊ ရည်ရွယ်ချက်သစ်နှင့်ဆောင်ရွက်ခြင်း၏ အကျိုးအနှစ်သာရတို့ အပြည့်အဝရရှိမည်။ ဝေးကွာနေခြင်း၊ ခွဲခွာရခြင်းတို့၏ အညံ့အဆိုးအလုံးစုံကင်းဝေးသွား၍ ပြန်လည်ပေါင်းစည်းမှုအခွင့်အလမ်းတို့ကို အနိုင်အမာရရှိမည်။



## ■ Sept 2nd မှ Sept 8th ကြား

စုပေါင်းတွဲဖက်သောလုပ်ငန်းမှ တိုးတက်သောအခြေအနေသို့ အဆင့်ဆင့်ရောက်ရှိမည်။ မိမိအပေါ်ကူညီသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှ မြင့်မားသောအနေအထားသို့ရောက်ရှိမည်။ လူချစ်လူခင်ပေါမည်။ မိတ်ဆွေကောင်းများထံမှ ကောင်းသောအထောက်အကူနှင့် အလိုဆန္ဒမှန်သမျှ အနိုင်အမာဆောင်ရွက်အဆင်ပြေမည်။ ပညာအတတ်နှင့်ပတ်သက်သော အခွင့်အရေးကောင်းများကိုရရှိမည်။ မူလစိတ်ကူးထားသည်ထက်သာမြင့်အောင် အနိုင်အမာဆောင်ရွက်လုပ်ကိုင်နိုင်လိမ့်မည်။ အခက်အခဲအားလုံးကိုကျော်လွှားနိုင်၍ အလိုပြည့်စုံခြင်းကိုရရှိမည်။ အလုပ်ရှာသူများ လုပ်ငန်းရရှိမည်။ မလုပ်လိုသောအလုပ်ဖြစ်လိုကား ထူးခြားသောအကျိုးရရှိမည်။

## ■ Sept 9th မှ Sept 15th ကြား

ပေါ်ပေါက်လာသော အခွင့်အရေးသစ်တို့ကိုစနစ်တကျအသုံးချ၍ အဆင့်မြင့်သော အောင်မြင်မှုအသွင်သို့ပြောင်းလဲရောက်ရှိမည်။ မနာလိုခြင်းနှင့်တကွ အံ့သြခြင်းများဖြစ်စေလောက်သော တိုးတက်မှုကိုရရှိမည်။ အဆင့်

www.shweo.net

ကျော်၍ မြင့်မားမှုရရှိခြင်းကြောင့် ရန်အနောင့်အယှက်ပိုမို များပြားရန်အနေအထားသို့ရောက်လေသည်။ ရရှိသောငွေကြေးတိုးပွားမည်မဟုတ်သည့်အပြင် ငွေရရန်အခွင့်အလမ်းများပင်လျော့နည်းသွား၍ လွန်စွာရှုပ်ထွေးသောလုပ်ငန်းများကို ကိုင်တွယ်ရခြင်းအပြင် ကြီးမားလှသောလုပ်ငန်းများကို တာဝန်ခံရမည်ဖြစ်သည်။ ဝင်ငွေလျော့နည်းအလုပ်ပိုများ၊ လူမုန်းခံရသည့်နေရာဆိုးသို့ရောက်ပြီး ရက်ပိုင်းအတွင်း တိုက်ရိုက်ဆက်ဆံရသူပြောင်းမည်။

## ■ Sept 16th မှ Sept 22nd ကြား

စကားများတတ်သည်။ လက်မှတ်အထိုးမှားတတ်သည်၊ ရန်များသည်၊ အိမ်တွင်းရေးညံ့သည်၊ လူမှုရေးအရှုပ်အထွေးများရှိမည်။ လူပေါင်းမှားမည်၊ မူလဆုံးဖြတ်ထားသည့်အတိုင်းလုပ်က အဆင်ပြေမည်၊ ဆုံးဖြတ်ချက်ပြောင်း၍လုပ်က အမှားအယွင်းများနှင့်ကြုံမည်၊ လူလိမ်ခံရမည်။ စွပ်စွဲခံရမည်။ အထက်ငြိုငြင်၊ အောက်လူပုန်ကန်ကိန်းဆိုက်သည်။ ပိုင်ဆိုင်ထားသောပစ္စည်းများ အမြတ်အစွန်းမရသည့်အပြင် တန်ကြေးကျဆင်းခြင်းဖြစ်မည်။ အရေးကြီးသောစာရွက်စာတမ်းများပျောက်မည်၊ လက်ဝယ်ရရှိထား



ပြီးအခွင့်အရေးများ ဆုံးရှုံးနစ်နာမည်။ မိဘအကြီးအကဲကျန်းမာရေးချူချာမည်။ မနာလိုခံရတတ်သည်။

## ■ Sept 23rd မှ Sept 29th ကြား

စိတ်ချမ်းမြေ့ရမည်။ အညွှဲအဆိုးကင်းစင်မည်၊ မိသားစုနှင့်ပတ်သက်သည့်အလုပ်ကိစ္စများ တာဝန်ယူရမည်၊ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ အရပ်ဝေးနှင့်ဆက်စပ်သောလုပ်ငန်းများမှ ထူးခြားသော တိုးတက်မှုများရမည်၊ ယှဉ်ပြိုင်သူအားလုံးအား အနိုင်ယူလွှမ်းမိုးနိုင်မည်။ အကြံသစ်၊ အယူအဆသစ်တို့ကို လက်တွေ့ဆောင်ရွက်သင့်သည်။ စုပေါင်းလုပ်ငန်းများအကျိုးပေး၍ အလိုဆန္ဒများပြည့်ဝမည်။ မေတ္တာရေးကံကောင်းမည်။ ကျန်းမာရေးအညွှဲရှိသည်။ အစာအိမ်ဒုက္ခပေးတတ်သည်။ လုပ်ငန်းခွင်အတွင်းကြုံတွေ့သောအညွှဲများမှလွတ်ကင်း၍ ဘဝအဆင့်တိုးတက်ခြင်းကြုံမည်။ မိခင်နှင့်ပတ်သက်သောအကြီးအကဲမှကူညီမည်။ မြှုပ်နှံထားသောငွေကြေးမှ ကောင်းသောအကျိုးရမည်။

www.shweo.net

## ■ Sept 30th မှ Oct 6th ကြား

ခရီးသွား၍အကျိုးရှိမည်။ အပြောင်းအလဲနှင့်တိုးတက်မည်။ လုပ်နေသောလုပ်ငန်းများ ဦးတည်ချက်ပြောင်း၍ဆောင်ရွက်က ပိုမိုအကျိုးရှိမည်။ လူမျိုးကွဲကောင်းကျိုးပေးမည်။ ပစ္စည်းပျောက်မည်။ ငွေလက်လွှန်မည်။ အနီးကပ်လူဒုက္ခပေးတတ်သည်။ အမေ၊ အဖွား၊ အဒေါ်အစရှိသောမိမိထက်အသက်ကြီးသည့် အမျိုးသမီးကျန်းမာရေးအတွက် စိတ်သောကရောက်ရမည်။ သူတစ်ပါးတို့နှင့်မတူသောအတွေးအကြံသစ်များနှင့်ဆောင်ရွက်၍ အကျိုးရှိမည်။ ယှဉ်ပြိုင်သူအားလုံးအပေါ် အနိုင်ရနိုင်သည်။ ပျက်နေသောပစ္စည်းမပြင်ရ။ ငွေကုန်သည့်အပြင် ပိုမိုပျက်စီးသွားမည်။ ဤရက်ကျော်မှပြင်ပါ။ အမြဲဝတ်ဆင်လေ့ရှိသော အဖိုးတန်ပစ္စည်းပျောက်တတ်သည်။

## ■ Oct 7th မှ Oct 13th ကြား

ဦးတည်ချက်သစ်နှင့် တိုးတက်မှုများကိုလက်တွေ့ဆောင်ရွက်ရန်အခါသင့်သည်။ ဘဝအတွက်အရေးပါသောအပြောင်းအလဲနှင့် တိုးတက်ခြင်းကိုရရှိမည်။ လူမျိုးကွဲ၊ လူမျိုးခြားနှင့်ဆက်ဆံ၍ အကျိုးထူးရရှိမည်။ နေအိမ်



နေရာ၊ အလုပ်နေရာဝန်းကျင်တွင် အပြောင်းအလဲများရှိမည်။ ဖြစ်ပေါ်လာသောအခြေအနေသစ်အား အသုံးချပါ။ သူတစ်ပါး၏အကူအညီကို စောင့်ဆိုင်းနေခြင်းထက် ကိုယ်စွမ်းကိုယ်စနှင့် ရှိနေသောအခြေအနေမှ စတင်လိုက်ပါ။ ထူးခြားသောအောင်မြင်မှုများ ဖြစ်ပေါ်လာမည်။ မှန်ကန်သောဆုံးဖြတ်ချက်နှင့် လုပ်ငန်းသစ်များ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်၍တိုးတက်မည်။ အတွေ့အကြုံသစ်နှင့် အခွင့်အရေးသစ်အပေါ် မိန်းမောနေ၍မရ။

## ■ Oct 14th မှ Oct 20th ကြား

ပြောင်းလဲရန်ဝန်မလေးသင့်။ ဆန့်ကျင်သူများကိုရင်ဆိုင်ပါ။ ပြဿနာနှင့်ပဋိပက္ခကို ရှောင်ရှားရန်မသင့်။ ရပိုင်ခွင့်အတွက် တောင်းဆိုရန်အခါကောင်းကြုံ၏။ ခရီးသွားရန်ကြုံမည်။ သွား၍အကျိုးရှိမည်။ မြုပ်နေသောငွေကြေးများ ပြန်လည်ပေါ်ထွန်းမည်။ အလုပ်တွင်လူသစ်နှင့်ဆက်ဆံရမည်။ နိုင်ငံကြီးသားလူလိမ်များနှင့်ဆက်ဆံမိ၍ဆုံးရှုံးမည်။ ငွေကြေးယူ၍အကျိုးဆောင်သူများ စကားမတည်။ ဆွေရင်းမျိုးရင်းနှင့် ရန်ဖြစ်ရလိမ့်မည်။ လွန်ခဲ့သော(၂)လအတွင်း ဆုံးရှုံးထားသည်များ လက်ဝယ်ပြန်လည်၍ရရှိမည်။ အ

www.shweo.net

သည်းခွဲသွားသောအချစ်ဟောင်း၏ တောင်းပန်စကားကိုမယုံစားသင့်။ မြေ၊ ကား၊ အခန်း၊ ငွေကြေးကိစ္စများ ပြောဆို၍ အောင်မြင်မည်။

## ■ Oct 21st မှ Oct 27th ကြား

အထူးကောင်းသောကာလဖြစ်သည်။ ရည်မှန်းချက်၊ ရည်ရွယ်ချက်အလုံးစုံအောင်မြင်မည်။ ဆောင်ရွက်နေသောလုပ်ငန်းမှန်သမျှ ထွန်းထွန်းပေါက်ပေါက်နှင့် အလိုရှိသလောက် ပြည့်စုံမှုရရှိမည်။ ခက်ခဲသောပြဿနာအလုံးစုံကို ဖြေရှင်းနိုင်မည်။ မိသားစုလိုက် စီးပွားတိုးတက်ခြင်းရှိမည်။ အပြိုင်အဆိုင်အားလုံးကိုကျော်လွှား၍ အဆင့်မြင့်တက်လမ်းများဖြစ်ပေါ်မည်။ မေတ္တာရေးကံကောင်းမည်။ မိတ်ကောင်းဆွေကောင်း အထောက်အကူရမည်။ မိသားစုလုပ်ငန်းစီးပွားတိုးတက်မည်။ ပညာသင်တန်းနှင့်ပတ်သက်၍ဆောင်ရွက်သောကိစ္စမှန်သမျှ အဆင်ပြေမည်။ ဦးတည်ချက်သစ်ကိုဆောင်ရွက်၍ အဆင်ပြေမည်။ ချက်ချင်းဆုံးဖြတ်ပြီး ပြတ်သားစွာဆောင်ရွက်လေ တိုးတက်မှုများလေဖြစ်မည်။



## ■ Oct 28th မှ Nov 3rd ကြား

သူတစ်ပါးအကြံကိုလက်ခံက အမှားအယွင်းများဖြစ်မည်။ ဦးတည်ထားသည့်အတိုင်း ရှေ့တိုးလုပ်ကိုင်ပါ။ ကြုံတွေ့နေသောအခက်အခဲမှန်သမျှကိုကျော်လွှား၍ ထင်ရှားသောအောင်မြင်မှုကိုရမည်။ ပညာအတတ်နှင့်တိုးတက်မှုရရှိမည်။ ငွေကုန်များမည်။ အရွယ်နှင့်မမျှ လုပ်ငန်းကြီး၊ တာဝန်ကြီးများ ကိုင်တွယ်ဖြေရှင်းရမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများ ပါဝင်ပတ်သက်ရမည်။ အရပ်ဝေးနိုင်ငံခြားနှင့်ဆက်စပ်၍ လုပ်ငန်းများလုပ်ကိုင်သူများ အကျိုးအမြတ်ကောင်းစွာရရှိမည်။ နေအိမ်ပြင်ခြင်း၊ ဆောက်ခြင်းမပြုသင့်သေး။ ပြုဆောင်မိက လွန်စွာငွေကုန်အံ့၊ လူညာခံရအံ့။ ဆောက်မည့်အိမ်အနီးအပါး မီးလောင်ခြင်းဖြစ်ပြီးမှ ဆောက်လုပ်ပါ။ အလုံးစုံအဆင်ပြေမည်။

## ■ Nov 4th မှ Nov 10th ကြား

အကောင်းအဆိုးရောထွေးနေသော ကာလဖြစ်သည်။ တစ်ဦးတည်းဆောင်ရွက်သောကိစ္စမှန်သမျှ ထူးခြားသောအောင်မြင်မှုရမည်။ သူတစ်ပါးနှင့်ပူးပေါင်း၊ ပူးတွဲ၍ လုပ်ကိုင်ခြင်းများမှ အဆင်မပြေ၊ ငွေကြေးအပေးအယူမှား

www.shweo.net

တတ်သည်။ ယခင်ရက်ပိုင်းအတွင်း ရှေ့တိုး၍လုပ်ကိုင်မရအောင် အခြေအနေဆိုးနေသူများ အလုံးစုံအောင်မြင်ခြင်းကိုရရှိမည်။ ယုံစား၍ ကိုယ်ရေးကိုယ်တာကိစ္စများကို ပြောဆိုမိခြင်းမရှိလေနှင့်။ အိမ်တွင်ဖြစ်နေသောပြဿနာများကို ဝင်ရောက်တာဝန်ယူဖြေရှင်းရန်မသင့်။ ဤကာလအတွင်း ပေါ်ပေါက်လာသောပြဿနာမှန်သမျှ ဝင်ရောက်ဖြေရှင်းကပိုမိုရှုပ်ထွေးသွားတတ်သည်။ ကြားဝင်၍ စေတနာနှင့်ဆောင်ရွက်သောကိစ္စများသည်လည်း ရှုပ်ထွေးသောအနေအထားကျရောက်မည်။

## ■ Nov 11th မှ Nov 17th ကြား

ညအချိန်မတော်အသွားအလာမပြုရ။ ခိုက်ရန်ဖြစ်ပွားခြင်းနှင့်တကွ ဘေးဥပဒ်ဖြစ်တတ်သည်။ ပျို့ရွယ်သူများလွန်စွာစန်းပွင့်မည်။ ထူးခြားသောအလှူအတန်းများဆောင်ရွက်ရမည်။ မင်္ဂလာကိစ္စများလည်းကြုံမည်။ အမြတ်အစွန်းအတွက်အဓိကမထားဘဲ ဆောင်ရွက်ထားသောကိစ္စတို့မှ အကျိုးအမြတ်ကောင်းကိုရရှိမည်။ သူတစ်ပါးအပေါ်ယုံစားလွယ်၍ စိတ်အနှောင့်အယှက်များ ဖြစ်ပွားနိုင်သည်။ ငွေကြေးအပေးအယူကိစ္စမှန်သမျှ သတိရှိပါ။ တန်ဖိုးကြီး



မားသောရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ရန်မသင့်။ ဆုံးရှုံးတတ်သည်။ ရင်ဆိုင်တိုက်ခိုက်သူထက် ကွယ်ရာမှဒုက္ခပေးသူပို၍များနေသည်။ အိမ်တွင်ငြိမ်းဆန်၍မရသော ဒုက္ခပေးသူလာရောက်တည်းခိုလိမ့်မည်။ ခရီးဝေးနိုင်ငံရပ်ခြားသို့သွားရောက်ရန်(၂)ကြိမ်(၂)ခါပျက်ဖူးသူတို့ ဤရက်အတွင်း နိုင်ငံခြားကံ အကျိုးပေးမည်။

## ■ Nov 18th မှ Nov 24th ကြား

အထင်အမြင်သေးစွာနှင့် နှိမ့်ချဆက်ဆံသူများကပင်လျှင် တအံ့တသြဖြစ်၍ လေးစားလာအောင်အစွမ်းပြနိုင်သည်။ ငွေကြေးအကုန်အကျများခြင်းရှိမည်။ မိဘအကြီးအကဲ ကျန်းမာရေးအတွက် စိတ်ပူပင်ရခြင်းများရှိနိုင်သည်။ သူတစ်ပါးကိစ္စများကို တာဝန်ယူ၍ဆောင်ရွက်သောကိစ္စများမှ ပြဿနာများဖြစ်ပေါ်လာတတ်သည်။ အသေးစားပျောက်ရှမှုများ တစ်ခုပြီးတစ်ခုဖြစ်လာမည်။ ထိုကဲ့သို့(၃)ကြိမ်ဆက်တိုက်ဖြစ်လာက အထူးသတိရှိပါ။ လိမ်ညာခံရခြင်း၊ ခိုးဝှက်ခံရခြင်းဖြစ်ပေါ်မည်။ ခရီးကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ လူမျိုးကွဲအကျိုးပေးမည်။ ပြောင်းလဲမှုမှန်သမျှသည် တိုးတက်ရန်အခြေအနေသို့ ဖြစ်ပေါ်စေလိမ့်မည်။

www.shweo.net

## ■ Nov 25th မှ Dec 1st ကြား

လိုလားသည့်စိတ်ဆန္ဒရှိလင့်ကစား အခနေအထားမြင့်မား၍ စိတ်ကူးယဉ်ရန်ပင်မဝံ့ရဲသော ကောင်းသောဖြစ်ရပ်များနှင့် လိုအင်ဆန္ဒပြည့်စုံခြင်းကိုကြုံမည်။ စွန့်စား၍ ရှေ့တိုးလုပ်ကိုင်လိုက်သောစွမ်းဆောင်မှု၏ ကောင်းသောအကျိုးဆက်ကိုရရှိမည်။ အပြိုင်အဆိုင်၊ အတိုက်အခံ၊ အနှောင့်အယှက်အလုံးစုံကိုကျော်လွှား၍ ထဲထဲဝင်ဝင် ထိုးဖောက်နိုင်စွမ်းရှိမည်။ ၅၂၈-၁၅၀၀ မေတ္တာနစ်ဖြာစလုံး၌ ကြည်နူးပျော်ရွှင်ဖွယ်အတိဖြစ်မည်။ ကူညီသူများပေါ်ပေါက်မည်။ မိသားစုနှင့်ပတ်သက်သည့် စိတ်ချမ်းမြေ့မှုများကိုလည်းကြုံမည်။ မင်္ဂလာရှိသောစကားများပြောရမည်။ မင်္ဂလာပွဲများသို့ သွားရောက်ရမည်။ ဩဇာအရှိန်အဝါကြီးမားမည်။

## ■ Dec 2nd မှ Dec 8th ကြား

စီစဉ်ထားသည်များ အလွဲလွဲအချော်ချော်ဖြစ်မည်။ မနာလိုခံရမည်။ မိဘ၊ မိသားစုဝန်းကျင်နှင့် ပဋိပက္ခများဖြစ်ပေါ်မည်။ မတော်တဆထိခိုက်မှုများ ဖြစ်ပေါ်မည်။ ညာခြေနှင့် ဘယ်လက်တို့တွင် မတော်တဆ ထိခိုက်နိုင်



သည်။ ရောင်းမှားဝယ်မှားဖြစ်တတ်သည်။ သူတစ်ပါးစကားနားယောင်၍ ဆောင်ရွက်လိုက်သောကိစ္စများမှ ဆုံးရှုံးနစ်နာရများပေါ်မည်။ လျှပ်စစ်ကြိုးများ လောင်ကျွမ်းပြတ်တောက်တတ်သည်။ လူမှုရေးအရှုပ်အထွေးများ ဖြစ်ပေါ်မည်။ တွဲဖက်လုပ်သူတို့၏ တာဝန်မဲ့ပေါ့လျော့စွာဆောင်ရွက်ခြင်းကြောင့် လုပ်ဆောင်ထားသမျှ အချည်းနှီးဖြစ်မည်။ စကားမှားတတ်သည်။ မာနကိုထိပါးလာသူများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။

## ■ Dec 9th မှ Dec 15th ကြား

ရွေးချယ်ရန်လမ်းကြောင်းမရှိ၊ တစ်ခုတည်းသောဆုံးဖြတ်ချက်နှင့် ဆုံးဖြတ်ဆောင်ရွက်၍ အောင်မြင်မှုကိုရရှိမည်။ ဒုက္ခလှလှတွေ့လေပြီဟူ၍ အများကဝိုင်းဝန်းအကဲဖြတ်စောင့်ကြည့်နေဆဲ ထက်မြက်သောဉာဏ်ပရိယာယ်နှင့် ထိုးဖောက်လုပ်ကိုင်ရာမှ အများအထင်နှင့်ဆန့်ကျင်သောအခြေအနေကောင်းကို ဆောင်ရွက်နိုင်မည်။ မိမိအပေါ်မကောင်းဆိုးယုတ်သောစိတ်နှင့် ဒုက္ခပေးသူများ ကိုယ်ကတုံ့ပြန်ရန်ပင်မလိုဘဲ အသီးသီးသောပြဿနာများကိုကြုံကြပေလိမ့်မည်။ အများနှင့်တစ်ယောက်ဖြစ်လင့်ကစား အစွမ်း

www.shweo.net

ခြင်း ကွာခြားလေရကား ကိုယ်ကအနိုင်ယူလွှမ်းမိုးနိုင်သည့် အပြင် ဖြစ်ပေါ်လာသောအပြောင်းအလဲသစ်၊ နေရာသစ်တို့၌ အောင်မြင်စွာနေရာရယူပေမည်။

## ■ Dec 16th မှ Dec 22nd ကြား

တစ်ပြိုင်နက်တည်း တစ်ခုထက်မကသောအလုပ်အကြီအစည်တို့ကို လုပ်ကိုင်နိုင်မည်။ စီစဉ်ထားသောခရီးကိစ္စများ ပြတ်မယောင်ဖြစ်ပြီးအဆင်ပြေမည်။ ဆိုင်းငံ့ရပ်တန့်ထားသောအလုပ်ကိစ္စများ ပြန်လည်ဆောင်ရွက်အဆုံးသတ်နိုင်မည်။ အနှောင်အဖွဲ့အခက်အခဲအားလုံးမှ ကင်းလွတ်မည်။ အမှုပြဿနာများတွင် ကိုယ်ကအနိုင်ရရှိမည်။ ကတိစာချုပ်များ အသစ်ပြန်လည်ချုပ်ဆိုရမည်။ ဦးတည်ချက်ပြောင်း၍လုပ်ကိုင်ခြင်းမှ ကောင်းသောအကျိုးဆက်ကိုရမည်။ သူတစ်ပါးနှင့်စကားများရခြင်း၊ ပဋိပက္ခဖြစ်ခြင်းများကြုံမည်။ ဆန့်ကျင်နှောင့်ယှက်သူအားလုံးအပေါ် ပယ်ရှားအောင်နိုင်မည်။ စိတ်ကောက်နေသောချစ်သူအား ကိုယ်ကအလျှော့ပေးဆက်ဆံရန်သင့်သည်။



## ■ Dec 23rd မှ Dec 31st ကြား

စီစဉ်ထားသည့်အရာမှန်သမျှ အလွဲလွဲအချော်ချော်ဖြစ်မည်။ ထိုသို့ကစဉ့်ကလျားဖြစ်ခြင်းပင်လျှင် ကောင်းသောအကျိုးဆက်ဖြစ်ထွန်းခြင်းသို့ ပြောင်းလဲဖြစ်တည်မည်။ နားနေရန်စီစဉ်ထားသည့်နောက်ဆုံးအချိန်ထိ အလုပ်ပို၊ ကိစ္စပိုများဆက်တိုက်ကြုံမည်။ ကိုယ့်ကိစ္စထက်၊ သူတစ်ပါးကိစ္စများအပေါ် ဦးစားပေးဆောင်ရွက်ခြင်း၏ ကောင်းသောအကျိုးဆက်များ ပေါ်ပေါက်မည်။ မေတ္တာရေးကံကောင်းမည်။ စုပေါင်းလုပ်ငန်းလုပ်ရန်ကြုံမည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှားနိုင်မည်။ အရပ်ဝေးမှ စိတ်ချမ်းမြေ့ဖွယ်ရာသတင်းစကားများ ကြားသိရမည်။ ဝေးကွာနေသူများနှင့်ပြန်လည်ဆုံစည်းမည်။ သွားမည်ဟုစီစဉ်ထားသည့်ခရီးကတစ်မျိုး၊ ရောက်သည့်နေရာကတစ်မျိုးဖြစ်မည်။

www.shweo.net

# ကျန်းမာရေး

ခန္ဓာကိုယ်၏ ကျောရိုးအောက်ဆုံးသုံးဆစ်၊ ခါးတစ်ပိုက်၊ ကျောက်ကပ်၊ အူလမ်းကြောင်းနှင့်သားအိမ်သွေးသားဆိုင်ရာအစိတ်အပိုင်းတို့ကို တူရာသီမှပိုင်စိုးသည်။ ထိုခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် ဝေဒနာဖြစ်လွယ်သည်။ Lumbago(လမ်ဘာဂို)ဟုခေါ်သော ခါးကိုက်နာ၊ ခါးအောင့်နာတို့ဖြစ်မည်။ အစာခြေဖျက်မှုနှေးကွေးသောဓာတ်သဘာဝရှိပေရာ မကြာခဏ အစာမကြေ၊ လေထိုးလေအောင့်ဖြစ်ခြင်းနှင့် အူလမ်းကြောင်းနှင့်ပတ်သက်သော ဝေဒနာများ ဖြစ်ပွားတတ်သည်။ ဆီးလမ်းကြောင်းကျောက်တည်ခြင်းနှင့် ကျောက်ကပ်ထိခိုက်မှုများဖြစ်လွယ်သည်။ မောဟိုက်လွယ်သည်။ အရိုး၊ အဆစ်ကိုက်ခဲမှုများ မကြာခဏဖြစ်တတ်သည်။ ၂၀၁၃-တစ်နှစ်တာအတွင်း ကြီးမားသောအညှံ့အဆိုးကျရောက်ရန်မရှိလင့်ကစား . . .

■ **19 .2. 13 မှ 20 .3. 13 ကြား**

■ **21 .5. 13 မှ 20 .6. 13 ကြား**

■ **21 .11. 13 မှ 20 .12. 13** ကြားရက်များတွင်ဆေးထိုး၊ ဆေးသောက်မှားတတ်သည်။ အစာအဆိပ်ဖြစ်တတ်သည်။



နာချေ၊ နာပိတ်မကြာခဏဖြစ်မည်။ အကြောအဆစ်ကိုက်ခဲခြင်းများဖြစ်လွယ်မည်။ အမျိုးသမီးများအဖို့ သားအိမ်သွေးသားဒုက္ခပေးတတ်သည်။ ကျား/မ မရွေးအလေးအပင်မ၍ အူကျသောရောဂါဖြစ်မည်။ မျက်စိကိုက်ခြင်းဖြစ်မည်။ နလုံးအားနည်း၍ အသက်ရှူမဝသလိုဖြစ်ကာ အမောဆိုက်ခြင်းမကြာခဏဖြစ်မည်။ လက်ပျင်ငုပ်ခြင်းနှင့် ခါးကိုက်ခြင်းတို့ဖြစ်တတ်သည်။ အဆစ်အမြစ်များ ရောင်ရမ်းကိုက်ခဲခြင်းဖြစ်တတ်သည်။

■ ၂၀၁၃ မတ် ၁၊ ၂၊ ၃၊ ၉၊ ၁၀၊ ၁၆၊ ၂၀၊ ၂၈၊ ၃၀

■ ၂၀၁၃ ဇွန် ၇၊ ၁၀၊ ၁၄၊ ၁၈၊ ၁၉၊ ၂၀၊ ၂၆၊ ၂၇၊ ၂၉

■ ၂၀၁၃ ဒီဇင်ဘာ ၄၊ ၅၊ ၇၊ ၁၁၊ ၁၅၊ ၁၉၊ ၂၀၊ ၂၈ ရက်များတွင်မတော်တဆထိခိုက်မှုများ သတိရှိရမည်။ ယာဉ်၊ ကားမောင်းနှင်ရာတွင် သတိရှိပါ။ ခေါင်း၊ ခါးနှင့်ကျောရိုးတို့တွင်မတော်တဆထိခိုက်မှုများဖြစ်မည်။ တူရာသီဖွားအားလုံးတို့သည်လည်ချောင်းနှင့် ပတ်သက်သောရောဂါများကိုလည်းအထူးဂရုစိုက်ရမည်။ အာသီးရောင်ခြင်းဖြစ်တတ်သည်။ ယခုနှစ်အတွင်း အပူအစပ်လွန်ကဲသောအစားအသောက်များစားသုံးခြင်းရှောင်ကြဉ်ပါ။ ဝမ်းလျှော၊ ဝမ်းပျက်လွယ်သဖြင့် သန့်ရှင်းလတ်ဆတ်သော အစားအသောက်

www.shweo.net

များကိုဦးစားပေးစားသုံးသင့်သည်။ ရုတ်တရက်ခါးကိုလှည့်ခြင်း၊ ကိုင်းညွှတ်ခြင်းပြုရာမှ ခါးနာ၍ခါးရိုးထိခိုက်မှုများဖြစ်တတ်ပေရာ အလေးအပင်မခြင်း၊ ပစ္စည်းတစ်စုံတစ်ရာကျသောအခါ ဒိုးခနဲ၊ ဖတ်ခနဲခါးကိုကုန်းကာ ကောက်ယူခြင်းမပြုမိအောင်သတိရှိပါ။ အနာရောဂါများဖြစ်သောအခါပေါ့ပေါ့တန်တန်ပေပေတေတေနေသောစရိုက် ဤတစ်နှစ်တာအတွင်းမရှိသင့်။ အူအတက်ပေါက်ခြင်းဖြစ်လွယ်သည်။ အသက် ၂၀၊ ၂၈၊ ၃၁၊ ၄၈၊ ၅၅၊ ၆၆၊ ၇၆၊ ၈၄ အသက်ရောက်သူများအဖို့ယခုနှစ်အတွင်း ကျန်းမာရေးကိုဂရုစိုက်ပါ။ အသက် ၂၃၊ ၂၇၊ ၃၀၊ ၃၃၊ ၃၆၊ ၃၉၊ ၄၄ နှစ်အရွယ်ရောက် အမျိုးသမီးများအဖို့ သားအိမ်သွေးသားနှင့်ပတ်သက်သောရောဂါအထူးဂရုစိုက်ပါ။ ကျန်းမာရေးအညွှန်းရှိကခေတ်မှီဆေးဝါးနှင့်ကုသခံယူခြင်းပြုပါ။



## ကံမြင့်ဆင်ယင်ထုံးဖွဲ့မှု

၂၀၁၃ - တစ်နှစ်တာကာလအတောအတွင်း ကံဇာတာမြင့်မားစေရန်အလို့ငှာ ကျက်သရေပီယထွန်းပစေရန်အလို့ငှာ ဝတ်ဆင်သုံးစွဲအပ်သည့် ကံမြင့်ဆင်ယင်ထုံးဖွဲ့မှုကို တင်ပြရသော် . . .

■ အပြာရောင်အနု / အရင့်၊ ပန်းရောင်၊ ကြက်သွေးရင့်ရောင်၊ ခရမ်းရောင်၊ နီနစ်ရောင်တို့သည် အလုပ်စီးပွားတိုးတက်စေသည်။ ကျက်သရေမင်္ဂလာရှိ၍ လာဘ်ပွင့်စေသည်။ အလုပ်နေရာ၊ နေအိမ်ညေ့ခန်းတို့၏ ခန်းဆီးလိုက်ကာမှအစ အသုံးအဆောင်ပစ္စည်းတို့အား ဖော်ပြပါအရောင်များသုံးပါ။

■ အညိုရောင်၊ အစိမ်းရင့်ရောင်၊ မီးခိုးရင့်ရောင်၊ အဖြူရောင်တို့သည် အောင်ဓာတ်ပွင့်စေသော အရောင်များဖြစ်၏။ ကျောင်းစာမေးပွဲနှင့်လုပ်ငန်းဆိုင်ရာ ရေးဖြေ၊ နှုတ်ဖြေများ၊ အင်တာဗျူးများတွင်ဝတ်ဆင်သုံးစွဲပါ။ အားကစားဆိုင်ရာအပြိုင်အဆိုင်ကိစ္စများတွင်လည်း ဤအရောင်တို့ကိုသုံးခြင်းဖြင့်အောင်နိုင်ခြင်းကို ရရှိပေအံ့။

www.shweo.net

■ ပန်းရောင်၊ မိုးပြာရောင်၊ အနက်ရောင်၊ ရွှေအိုရောင်တို့သည် ဝီယာစနီးဓာတ်ကိုတိုးပွားစေသည်။ ဆွဲဆောင်မှုနှင့်ညှိနှိုင်းမှုအင်အားတိုးပွားစေသည်။ ညှိနှိုင်းပွဲများတက်ရောက်ခြင်း၊ လူပုံအလယ်သွားလာခြင်းတို့တွင် သုံးစွဲအပ်သည်။ အိမ်ထောင်သည်များပင်လျှင် ဤအရောင်တို့ကိုသုံးစွဲခြင်းဖြင့်အိမ်ထောင်ဘက်၏ စိတ်ဝင်စားမှုနှင့်မေတ္တာထားမှုကိုအမြဲမပြတ်ရရှိပေအံ့။

■ နီညိုရောင်၊ ရွှေအိုရောင်၊ စိမ်းဝါရောင်၊ နို့နှစ်ရောင်၊ နက်ပြာရောင်တို့သည် ခရီးသွားခြင်းဆိုင်ရာအကြောင်းကိစ္စများတွင်သုံးစွဲရန်ဖြစ်သည်။ ခရီးဆောင်အိတ်မှအစ ခရီးသွားစဉ်ဝတ်ဆင်သော အဝတ်အစားတို့ကို သုံးစွဲနိုင်သည့်အပြင်ဇီဇာကိစ္စနှင့် သံရုံးဝင်သောအခါများ၌ ဝတ်ဆင်ခြင်းဖြင့်လိုရာခရီးကိုချောမောစွာရောက်ရှိ အကျိုးပေးမည်။



■ ၂၀၁၃ -တစ်နှစ်တာအတွင်း ပစ္စည်းများဝယ်ယူခြင်း၊ လက်ဝတ်ရတနာ၊ အဝတ်အထည်အစရှိသည်တို့ ချုပ်လုပ်ခြင်း၊ အပ်နှံခြင်း၊ ဝယ်ယူခြင်း၊ စတင်သုံးစွဲခြင်းပြုသောအခါများတွင်အသုံးပြုရန်ရက်ကောင်းများကို လအလိုက်တင်ပြအပ်ပါသည်။

| လ | နေ့ရက်များ |
|---|---|
| Jan | 3, 8, 10, 11, 14, 16, 17, 22, 24, 25, 26, 29 |
| Feb | 1,5,6,8, 9, 10, 13, 15, 16, 21, 23, 24, 27,28 |
| Mar | 3, 7, 8, 11, 14, 16, 17, 22, 24, 25, 29 |
| Apr | 1, 6, 8, 9, 10, 13, 15, 16, 21, 23, 24, 27,28 |
| May | 1,5,6,8,12,14, 15, 16, 18, 20, 22, 26,27,30 |
| June | 3, 4, 6, 8, 11, 13, 14, 21, 22, 25, 26, 29 |
| July | 3, 4, 6, 7, 12, 13, 18, 20, 21, 24, 25, 28 |
| Aug | 1, 2, 4, 5, 6, 9, 11, 17, 19, 20, 23, 24, 31 |
| Sept | 1, 3, 4, 7, 9, 10, 15, 18, 21, 22, 25, 29, 30 |
| Oct | 2, 3, 4, 7, 9, 10, 15, 17, 18, 22, 25, 29, 30 |
| Nov | 1, 2, 5, 7, 8, 13, 15, 16, 19, 20, 23, 27, 30 |
| Dec | 1, 2, 5, 8, 13, 16, 20, 23, 27, 28, 29, 30 |

www.shweo.net

■ ၂၀၁၃-တစ်နှစ်တာအတွင်း ဆံပင်ပုံသွင်းခြင်းနှင့်ခေါင်းလျှော်၊ ခေါင်းဆေး၊ ဆံပင်ညှပ်ခြင်းများပြုသောအခါကျက်သရေမင်္ဂလာအဖြာဖြာပြည့်စုံ၍ မင်္ဂလာအပေါင်းခညောင်းကာ ကံမြင့်တင့်တယ်ခြင်းနှင့် လာဘ်ပွင့်ခြင်းရှိစေရန်အတွက် ရက်ကောင်းများကို တွက်ချက်ပေးလိုက်ပါသည်။

| လ | နေ့ရက်များ |
|---|---|
| Jan | 1, 5, 9, 15, 17, 18, 19, 20, 27 |
| Feb | 2, 6, 13, 15, 16, 17, 20, 24, 28 |
| Mar | 4, 14, 16, 17, 18, 19, 23, 27, 31 |
| Apr | 1, 12, 15, 19, 23, 24, 28 |
| May | 7, 8, 11, 12, 13, 17, 21, 24 |
| June | 8, 11, 12, 13, 16, 22, 30 |
| July | 4, 10, 13, 14, 15, 19, 20, 23, 28 |
| Aug | 1, 7, 8, 9, 10, 11, 13, 15, 30 |
| Sept | 3, 6, 7, 8, 9, 11, 20, 22, 29 |
| Oct | 4, 5, 7, 8, 9, 10, 17, 22, 24, 27 |
| Nov | 1, 4, 5, 6, 7, 8, 14, 19, 26 |
| Dec | 3, 5, 7, 8, 12, 13, 21, 25, 29 |



■ ကြည်ပြာပန်းခရမ်းရောင်၊ မရမ်းစေ့ရောင်မေမြို့ပန်း၊ သစ္စာပန်းရောင်စုံ၊ ဒေစီပန်း၊ ဒေလီယာပန်းတို့သည်ဘုရားပန်းတင်ခြင်း၊ အလုပ်နေရာ၊ နေအိမ်ဧည့်ခန်းတို့တွင် အလှဆင်ပန်းအိုးထိုးခြင်းဖြင့် အလုပ်စီးပွားတိုးတက်ခြင်း၊ လာဘ်ပွင့်ခြင်း၊ ဥစ္စာနေဖွံ့ဖြိုးခြင်းဖြစ်ပေါ်စေမည်။

■ အရေးကြီးသောကိစ္စများ ဆောင်ရွက်သောအခါကြေးပန်းအိုးအတွင်း ခရမ်းရောင်သစ်ခွတစ်ခက်၊ နှင်းဆီအနီတစ်ပွင့်၊ ရွက်လှအရွက်ကြီးတစ်ခက်ကိုရော၍ ပန်းအိုးထိုးကာအရှေ့အရပ်မျက်နှာမူ၍ အမြင့်တင်ကာအလိုရှိရာဆောင်ရွက်ပါ။

■ စိတ်သောကရောက်နေသောအချိန်များတွင် ကြာပန်းပွင့်ကိုကြေးပန်းကန်ပြားတွင်ထည့်၍ ရေလောင်းကာမိမိအနီးအပါး၌ထားရှိနိုင်သည်။ ကြာပန်းပွင့်သည်မည်သည့်အရောင်ကိုမဆိုအသုံးပြုနိုင်ပါသည်။

■ အချစ်ရေး၊ မေတ္တာရေးတွင် အညှိကင်းစေရန်အတွက်လည်းကောင်း၊ စန်းပွင့်စေရန်အတွက်လည်းကောင်း ကြေး

www.shweo.net

လင်ဗန်းတစ်ချပ်အတွင်း ပန်းမျိုးစုံဖြူ၊ နီ၊ ဝါတို့ကိုရိုးတံပယ်၍ပန်းမွေ့ယာခင်းကာ ဘုရားကပ်လှူခြင်း၊ အမြင့်တစ်နေရာတွင်တင်ခြင်းပြုပါ။

■ ထမင်းစားစားပွဲပေါ်တွင် အပြာရင့်ရောင်ကြွေပန်းအိုးငယ်အတွင်းကျောက်နှင်းဆီဟုခေါ်သော နှင်းဆီပန်းငယ်များကိုထိုး၍ထားရှိပါ။ ပန်းအရေအတွက်မသတ်မှတ်ပါ။ ဝေနေအောင်ထိုးရမည်။ ဤသို့ထားရှိခြင်းဖြင့်အိမ်တွင်းရေးအညည့်များကင်းစင်မည်။ မိသားစုတွင်စီးပွားတက်မည်။



## ၂၀၁၃-ရတနာဝတ်ဆင်မှု

၂၀၁၃ တစ်နှစ်တာအတွင်း တူရာသီဖွားများအတွက်ကံကောင်းအကျိုးပေး လာဘ်ပွင့်စေသောရတနာ (၆) မျိုးရှိပါသည်။ ၎င်းတို့မှာ ကြောင်ကျောက်၊ နီလာအဝါ၊ ခရမ်းစွဲ၊ ကျောက်စိမ်း၊ ပြောင်ခေါင်းစိမ်း၊ စိန် တို့ဖြစ်ပါသည်။

■ **ကြောင်ကျောက် (Opal)** သည် မကောင်းသောဘေးဥပါဒ် အန္တရာယ်တို့ကိုပယ်ရှားသည်။ လူအများနှင့်ဆက်ဆံသောအခါ ပြေပြစ်ချောမောစေသည်။ ကျန်းမာရေးအညည့် နှင့် မတော်တဆထိခိုက်မှု ဘေးဥပါဒ်တို့မှ ကင်းဝေးလွတ်မြောက်စေသည်။

■ **နီလာအဝါ (Yellow Sapphire)**သည် ကျက်သရေတိုးစေသည်။ အရွယ်တင်ခြင်းနှင့်နုနယ်ခြင်းကို ဖြစ်စေသည်။ ဖူးစာရှင်စစ်စစ်နှင့်တွေ့ဆုံရန် ဆောင်ယူပေးမည်။ အတတ်ပညာ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေသည်။ ခရီးကံကောင်းခြင်းကို ဖြစ်ပေါ်စေနိုင်သည်။

www.shweo.net

■ **ခရမ်းစွဲ (Amethyst)**သည် ဥစ္စာလာဘ်လာဘရရှိရန် ကံလမ်းကြောင်းမှန်သမျှပွင့်စေမည်။ အလုပ်စီးပွားရေးရာ အဖြာဖြာကိုသွက်လက်အဆင်ပြေအောင် အထောက်အကူပြုသည်။ အရွယ်လွန်လူလွတ်များဝတ်ဆင်၍ ဝိယာတ်ကောင်းကာ အိမ်ထောင်ဖက်ကောင်းရမည်။

■ **ကျောက်စိမ်း (Jade)**သည် **စက်တင်ဘာ ၂၆၊ အောက်တိုဘာ ၄၊ ၈၊ ၁၃၊ ၁၇၊ ၂၂** ရက်နေ့တွင် မွေးသူများသည် ကျောက်စိမ်းမဝတ်သင့်။ အခြားသောတူရာသီဖွားတို့သည် ကျောက်စိမ်းကိုဝတ်ဆင်ခြင်းဖြင့် ကိုယ်ပိုင်အရည်အသွေးများပေါ်လွင်ထက်မြက်မည်။ အရပ်ဝေးနှင့်ဆက်စပ်ပြီးလုပ်သောလုပ်ငန်းများအောင်မြင်မည်။

■ **ပြောင်ခေါင်းစိမ်း (Peridot)**သည် ကျန်းမာရေးအညံ့အဆိုးများကင်းစေမည်။ ကျက်သရေအလှတိုးစေသည်။ အများပရိသတ်နှင့်ထိတွေ့မှုတွင် ကောင်းသောကျော်ကြားမှုဖြစ်စေမည်။ အထီးကျန်သောဘဝအခြေအနေမှ ကင်းလွတ်မည်။ မကောင်းဆိုးဝါးအနှောင့်အယှက်ကင်းဝေးမည်။



■ **စိန် (Diamond)**သည် ကျက်သရေတိုးစေသည်။ ဥပမိရုပ်ကိုဖွံ့ဖြိုးစေသည်။ ဦးဆောင်နိုင်သော အစွမ်းအစကိုပေါ်ထွန်းစေသည်။ မြင့်မြတ်သောဂုဏ်သိက္ခာကို ဖြည့်စွမ်းဖန်တီးပေးသည်။

■ အပြာရောင်၊ အဝါရောင်၊ တွင်းထွက်ကျောက်အလုံးစုံကိုလည်းဝတ်ဆင်သုံးစွဲနိုင်သည်။ ဖန်စီရင်ထိုးအဖြစ်ပြုလုပ်အလှဆင်နိုင်သည်။ ပန်းပွင့်ပုံ၊ ကြယ်ပွင့်ပုံ၊ သစ်သီးပုံအလှဆင်ပစ္စည်းများသုံးစွဲနိုင်သည်။ အသည်းနှလုံးပုံနားကပ်၊ လက်စွပ်တို့ကို ဝတ်ဆင်သုံးစွဲသင့်သည်။ ကနုကမာ၊ ပုလဲတို့နှင့်ဖန်တီးထားသော အလှအပပစ္စည်းတို့ကို ဆင်ယင်သုံးစွဲ၍ ကျက်သရေရှိပေအံ့။

www.shweo.net

## ကံအကျိုးပေးနံပါတ်

၂၀၁၃-တစ်နှစ်တာအတွင်း တူရာသီဖွားများအတွက် ကံအကျိုးပေးနံပါတ်များ **Lucky Numbers** များကိုလအလိုက်တွက်ချက်တင်ပြအပ်ပါသည်။ ဤဂဏန်းများကိုအသုံးပြု၍ ကံကောင်းခြင်းနှင့် လာဘ်လာဘလိုအင်ဆန္ဒပြည့်စုံခြင်းရရှိစေမည်။

| လ | အကျိုးပေးဂဏန်း |
|---|---|
| **Jan** | **8, 0, 7, 5** |
| **Feb** | **4, 8, 0, 9** |
| **Mar** | **2, 3, 7, 9** |
| **Apr** | **1, 3, 9, 6** |
| **May** | **2, 6, 0, 4** |
| **June** | **2, 4, 8, 5** |
| **July** | **0, 2, 5, 3** |
| **Aug** | **1, 4, 8, 0** |
| **Sep** | **4, 5, 3, 8** |
| **Oct** | **0, 6, 7, 8** |
| **Nov** | **9, 3, 2, 4** |
| **Dec** | **3, 5, 0, 8** |



## ကိုယ်နေဟန်နှင့်ဆွဲဆောင်မှု

တည်ကြည်မြင့်မြတ်သောကျက်သရေနှင့် တစ်ပါးသူတို့အားရင်ခုန်လှုပ်ရှားစေသော ဆွဲဆောင်မှုအလှတို့ကိုအချိုးညီစွာပေါင်းစပ်ထားသည့် အဆင်းသဏ္ဍာန်နှင့် ကိုယ်ဟန်ကိုပိုင်ဆိုင်ထားသော တူရာသီဖွားတို့သည် ဂရိဒဏ္ဍာရီအလိုအရရဲရင့်ပျို့မျစ်သောအေသီနာ၏ ပုံရိပ်ကိုယ်ပွားများဟူ၍ သတ်မှတ်သည်။ အိုလံပစ်တောင်တွင် နေထိုင်စံစားသော နတ်ဒေဝါ ၁၂ ပါးရှိ၏။ အေသီနာသည် ထိုနတ်မင်း ၁၂ ပါးအနက် The Goddess of Justic ဟုခေါ်ဆိုသည့် အမျှစင်၊ တရားရှင် တည်ကြည်မြင့်မြတ်မှုတို့၏ အခေါင်အဖျားနတ်ဒေဝီဖြစ်သည်။ တစ်ဖန်အေသီနာသည် စစ်ဘက်ရေးရာနည်းဗျူဟာတွင် လွန်စွာကျွမ်းကျင်သည့်အပြင် တိုက်ခိုက်မှုရေးရာတွင်လည်း ကျွမ်းကျင်သည့်အပြင် ရင်ဆိုင်တိုက်ပွဲအလုံးစုံတွင်ရဲစွမ်းသတ္တိကို အထင်အရှားဖော်ကျူးပေရာ တိုက်ပွဲတို့၏ အရှင်သခင်နတ်မိမယ် Goddess of War ဟုလည်းသတ်မှတ်ပြန်သည်။ "ဇု" နတ်မင်းကြီး၏ဦးခေါင်းမှဖောက်ခွဲထွက်၍ မွေးဖွားသောအေသီနာသည် မွေးလျှင်မွေးချင်းအရွယ်ရောက်၏။ တိုက်ပွဲဝင်သံချပ်ကိုကား ခေါင်း

www.shweo.net

ဆောင်းနှင့်တကွ မားတစ်ဖက်၊ ချိန်ခွင်တစ်ဖက်ကိုင်ဆွဲလျက် မွေးဖွားသူဖြစ်သည်။ အမှန်၊ အမှားကိုသမာဓိဉာဏ်ရည်နှင့် အဆုံးအဖြတ်ပေးရန် ချိန်ခွင်ကိုကိုင်ဆွဲခြင်းဖြစ်၍ မတော်မတရားဒုစရိုက်တို့အား နှိမ်နင်းရန်ဓားကိုကိုင်ဆွဲ၍ မွေးသူဖြစ်၏။ မွေးဖွားသည့်အချိန်မှစ၍ အသက်အရွယ်ကြီးရင့်သွားခြင်းမရှိဘဲ ပျိုမျစ်နုနယ်မှုကိုပိုင်စိုးသူဖြစ်ပေရာ တူရာသီဖွားအားလုံးတို့သည် ထည်ဝါသောအသွားအလာအနေအထိုင်နှင့် ရာဇဝင်နွယ်တို့၏ ဂန္တဝင်မြောက်သော အချိုးအဆက်အလှကို ပိုင်စိုးသည်။ စစ်ပွဲတို့၏ အရှင်သခင်နတ်မိမယ်ဖြစ်ပေရာ ရဲရင့်သောသဏ္ဍာန်သည် ထင်ရှား၏။ လှပ်ရှားမှုအလုံးစုံသည် တစ်ပါးသူငေးမောကြည့်လောက်အောင်ထူးခြားသောသဏ္ဍာန်ရှိသည်။

ဓေအသီနာအပေါ် မနာလိုသဝန်တိုစိတ်နှင့်လိုက်လံနှောင့်ယှက်သူကား ဇုနတ်မင်းကြီး၏ကြင်ယာတော်"ဟီရာ"ဖြစ်သည်။ ဓေအသီနာ၏ တင့်တယ်မှု၊ ဉာဏ်ပညာကြီးမှု၊ ရဲရင့်မှုဂုဏ်သတင်းသည် သူမထက်ပင် ကျော်လွန်သတင်းကြီးခြင်းအပေါ် မခံမရပ်နိုင်ဖြစ်ကာ ဓေအသီနာအားထာဝရနှောင့်ယှက်ခြင်းဖြစ်သည်။ ဇုနတ်မင်းကြီးမှ တူရာသီ၏ပုံရိပ်အဖြစ် နတ်ဒေဝီဓေအသီနာအား ကောင်းကင်နက္ခတ်တို့နှင့် ပုံဖော်ခေလသော် ဟီရာမှပုံရိပ်အားဖျက်ဆီးမည်ကိုကြိုတင်သိလေရကား နတ်ဒေဝီကို ကိုယ်စားပြုသည့်ချိန်ခွင်ကိုသာ ကြယ်(၄)လုံးဖြင့်ဖော်ပြခြင်းဖြစ်သည်။

ဤဒဏ္ဍာရီအလိုအရ တူရာသီဖွားတို့သည် မိမိ၏အလှကို မိမိသိရှိဖော်ထုတ်နိုင်ခြင်းမရှိ။ ချိန်ခွင်ကြီးတစ်ခုအလား လက်ကားယား၊ ခြေကားယားနှင့်ဖြစ်နေ၏။ လှလှပပဝတ်စားဆင်ယင်လိုစိတ်လည်းမရှိ။ ဘိုသီဘတ်သီနှင့်နေကာ အဝတ်ပုံ၏အပေါ်ဆုံးမှ လက်သင့်ရာအကျီကို ဝတ်ဆင်ခြင်း၊ အနီးရှိရာထီး၊ ဖိနပ်တို့ကိုဆွဲ၍ ဝတ်ဆင်ခြင်းစသည်ဖြင့် တင့်တယ်မှုကို ကိုယ်တိုင်လည်းမသိ။ တစ်ပါးသူလည်းမမြင်အောင်ဖြစ်နေသည်။ အနည်းငယ်ပြုပြင်လိုက်သည်နှင့်ပင် ထင်းကနဲ အတွင်း၊အဆင်းပေါ်ထွန်း၏။ မျက်လုံး၊ မျက်တောင်၊ နှုတ်ခမ်း၊ ခါးအချိုးကျခြင်း၊ တင်ပါး၏အလှအပ၊ ခြေတံအလှတို့ကိုပိုင်၏။ နားရွက်(၂)ဖက်တွင်ထူးခြားသောအလှကို ပိုင်စိုးပေရာ နားကိုတင့်တယ်လှပအောင်ထားပါ။ ဖရိုဖရဲဆန်သော အဝတ်အထည်များမဝတ်သင့်။ ခန့်ခန့်ထည်ထည်ဝတ်ဆင်က Aura ဟုခေါ်သော ကိုယ်ရှိန်ကိုယ်ဝါ အလိုအလျောက်ပေါ်ထွက်ကာ ထက်မြက်သောဓားသွားတစ်ချောင်းအလား ဝင့်ထည်မည်။ အသားအရေလွန်စွာ

www.shweo.net

ဝင်းပသူများဖြစ်ပေရာ မိတ်ကပ်၊ သနပ်ခါးအစရှိသည်တို့ကို ထူထဲစွာလိမ်းကျံခြင်းမပြုသင့်။ နဂိုအသားအရေနှင့် တင့်တယ်ခြင်းရှိ၏။ နှုတ်ခမ်းတို့ကို ရှေ့သို့စူထားသောသဘာဝကိုပြင်ပါ။ ခပ်စေ့စေ့၊ ခပ်ပြေပြေထားပါ။ ဘန်းစကားများ၊ တန်ဖိုးမဲ့သောစကားများ ပြောဆိုခြင်းမပြုရ။ တည်တည်ကြည်ကြည်ပြောဆို၍ မိမိသမာဓိနှင့် ဥပဓိရုပ်အပေါ် ချစ်ခင်သူ၊ ကြည်ညိုသူ များလာပေအံ့။



# နီဂုံးချုပ်

တူရာသီဖွားအားလုံးတို့သည် သာတူညီမျှမှုနှင့် တရားမျှတမှုကို နှစ်လိုသောသူများဖြစ်သည်။ သမာဓိချိန်ခွင်ဟူ၍ပင် ခေါ်ဆိုသည်။ တရားရှင်နတ်မိမယ်၏ မွေးရာပါ သယ်ဆောင်လာသော ချိန်ခွင်နှင့်နိုင်းနှိုင်းပြောဆိုကြခြင်းဖြစ်သည်။ ဘက်မလိုက်သူများ၊ အမှားအမှန်ကိုချင့်ချိန်ဆုံးဖြတ်နိုင်သူများဖြစ်သည်။ တစ်ပါးသူတို့၏ကိစ္စရေးရာအဖြာဖြာကို အကြံပေးဆုံးဖြတ်နိုင်စွမ်းရှိသူများဖြစ်သည်။ ဤတစ်နှစ်တာအတောအတွင်း ညီညွတ်မျှတသော စိတ်၊ သမာဓိအရှိန်အဝါတို့ကြောင့် ဩဇာအရှိန်အဝါကြီးမားခြင်းစသော ကောင်းကျိုးများရရှိမည်။

ဤရာသီဖွားတို့ကို တိုက်ပွဲဝင်ထက်မြက်သောဓား တစ်ချောင်းနှင့် အလားတူသောသူဟူ၍ သတ်မှတ်သည်။ တရားရှင်နတ်မိမယ်အေသီနာ၏ မွေးဖွားလျှင်မွေးဖွားခြင်း ကိုင်ဆောင်လာသောဋ္ဌေခါးနှင့် အလားတူသည်ဟုဆိုသည်။ ဖြူစင်တောက်ပ၍ သွေးစွန်းခြင်းမရှိသောဓားဖြစ်သည်။ အားနည်းသောဘက်မှကာကွယ်ပေး၍ တရားမှုမှန်သမျှကို တိုက်ပွဲဝင်သော သမာဓိဓားသည်ကား ဤရာသီဖွားတို့၏

www.shweo.net

မူလစရိုက်အခြေအနေကို ထင်ဟပ်ဖော်ပြသည်။ ကိုယ်ရေးကိုယ်တာကိစ္စမဟုတ်လင့်ကစား မတော်မတရားသည်ကို မြင်က ဝင်ရောက်စွက်ဖက်တတ်သည်။ တရားမျှတမှုအတွက် ပေးဆပ်အနစ်နာခံ ဦးဆောင်ဦးရွက်ပြုရန်ဝန်မလေး။ အမှန်တရားကို ဓားတစ်စင်းအလားကိုင်တွယ်၍ မသမာသူတို့ကိုဖယ်ရှားလေ့ရှိပေရာ အမှန်တရားကိုလိုလားခြင်းမရှိသောသူတို့နှင့် ထာဝရထိပ်တိုက်တွေ့တတ်သည်။ အမှန်တရားဘက်တော်သားယောင်ဆောင်၍ အနီးကပ် ဒုက္ခပေးသောသူများနှင့်လည်း တွေ့တတ်သည်။ ဤတစ်နှစ်တာအတွင်း အတွင်းရန်ကို အဓိကသတိရှိရပေမည်။

ဂရိဒဏ္ဍာရီတွင် တစ်ခုသောကာလ၌ Godနတ်ဒေဝတာများနှင့် Titan တိုင်တန်နတ်ဆိုးတို့၏ တိုက်ပွဲသည် လွန်စွာထင်ရှားလှသည်။ တစ်ဖက်နှင့်တစ်ဖက် လူသားများပါ ပါဝင်၍တိုက်ခိုက်ကြသည်။ အသေအကြေအပျောက်အရှုံးများလှသည့် ဤတိုက်ပွဲပြီးဆုံးလေသော် တရားသောဘက် God နတ်ဒေဝတာတို့မှအနိုင်ရရှိသည်။ ထိုသောအခါတရားစစ်၊ တရားမှန်အတိုင်းဆုံးဖြတ်၍ အပြစ်ဒဏ်ပေးခြင်းနှင့်တကွ အမှန်တရားဘက်မှရပ်တည် ကွယ်လွန်သူတို့ကို ရှင်သန်ထမြောက်စေသည်။ ဤဖြစ်ရပ်ကို ကြယ်(၄)



လုံးဖြင့်ရထားသော ချိန်ခွင်တစ်ခုနှင့် မှတ်တမ်းတင်ထားသည်။ ထိုချိန်ခွင်ကြယ်စင်အလင်းတန်း ထိတွေ့ထားသောလူသားတို့သည် ပြန်လည်ရှင်သန်ထမြောက်သောလူသားဟူ၍သတ်မှတ်သည်။ ဤရာသီဖွားအားလုံးတို့သည် တရားမျှတခြင်းနှင့် ကောင်းသောအမှုကို စနစ်တကျဆောင်ရွက်လေသော် မြင့်မြတ်သောရှင်သန်မှုကိုရရှိမည်။ ကောင်းသောအသက်မွေးမှုနှင့်ရပ်တည်ကာ သမာသမတ်ကျကျဆောင်ရွက်က စီးပွားဥစ္စာတိုးပွားပေမည်။ ဤတစ်နှစ်တာအတွင်း မြောက်မြားစွာသောတိုက်ပွဲများကိုဖြတ်သန်း၍ ပေးဆပ်ခဲ့ရသည့်အလုံးစုံနှင့် ညီမျှသောအကျိုးဆက်ကို ရရှိခံစားရပေမည်။

အထူးသတိပေးလိုသည်မှာ တူရာသီကိုစိုးမိုးသောဂြိုဟ်သည် သောကြာအချစ်နတ်ဘိမယ်ဖြစ်သည်။ ဤရာသီဖွားအားလုံးတို့သည် ထူးခြားသော ဆွဲဆောင်မှုကိုယ်စီနှင့် စုံမက်မြတ်နိုးသူ ပေါများပေမည်။ တစ်ဦးထက်ပိုသော မေတ္တာရေးရာကိစ္စများပေါ်ထွန်းကာ စိတ်ရှုပ်ထွေးစရာများဖြစ်ပေါ်နိုင်ပေရာ တင့်တယ်ဆွဲဆောင်မှုနှင့်တကွ နှစ်လိုသူပေါများခြင်းကို အလွဲအသုံးမပြုမိရန် အထူးသတိရှိရမည်။ ယခုနှစ်တွင်လည်း လွန်စွာစန်းပွင့်သော အနေအထားရှိပေ

www.shweo.net

ရာ အခါတိုင်းထက်ပို၍ အချစ်ကိစ္စအတွက် စိတ်ပင်ပန်းမှုမရှိရန် သတိပြုရပါမည်။

တူရာသီဖွားတို့၏ အားနည်းချက်သည်ကားအားလုံးသောလူသားတို့သည် မိမိထက်ပင်ဖြူစင်သောနှလုံးသားရှိသည်။ မျှတ၍ကရုဏာတရားကြီးမားကာ စာနာတတ်သောနှလုံးသား ပိုင်ဆိုင်သည်။ မကောင်းမှုအပေါ်စပ်စုစ်ရှုန်ရှာစွာဖြင့် ဆက်ဆံတတ်ပေရာ မာယာများသောလူ့ဘုံခန်းဝါ၌ မကြာခဏလိမ်ညာလှည့်စားခံရခြင်း၊ ခါးစာခံသဖွယ်ဖြစ်ခြင်းနှင့် ခုတုံးလုပ်အသုံးချခံရခြင်းတို့ကို ဤတစ်နှစ်တာအတွင်း ကြုံရမည်ဖြစ်ပေရာ မိမိအကျိုးလိုလားသောသူများနှင့် တိုင်ပင်ညှိနှိုင်းပြီးမှ ဆုံးဖြတ်ချက်များချမှတ်ခြင်း၊ အလုပ်ကိစ္စများဆောင်ရွက်ခြင်းပြုပါ။



## ၂၀၁၃-ဆောင်ရွက်ရန်

■ ကြေးလင်ပန်း(၁)ချပ်အတွင်း ကနကမာခွံတို့နှင့် ပြုလုပ်ထားသော အလှပစ္စည်း(၆)မျိုးထည့်ပါ။ လွတ်နေသောနေရာ၌ ပင်လယ်ခရုများထည့်ကာ အနီးအပါးအမြင့်တစ်နေရာတွင်ထားရှိပါ။

■ ခါးပုံ၊ ချိန်ခွင်ပုံ၊ ရင်ထိုးတို့ကို ဝတ်ဆင်သုံးစွဲပါ။ ကျောက်စိမ်းနှင့်ပြုလုပ်ထားသော သခေါ်ကျောက်ဆူးပုံကို ပိုက်ဆံအိတ်၊ ငွေသိမ်းကောင်တာတို့တွင် ထည့်ထားပါ။

■ ရွှေရောင်ခေါင်းလောင်း(၁)လုံးနှင့် ငွေရောင်ခေါင်းလောင်း(၁)လုံးတို့အား အနီရောင်ဖဲကြိုးနှင့်ချည်၍ အနီးအပါးတွင် ချိတ်ဆွဲထားရှိပါ။ ဗီးနပ်(စ်)ပုံတူရုပ်ထုကိုဖြစ်စေ၊ ပန်းချီကားတပ်ပုံကိုဖြစ်စေ အလုပ်နေရာ၊ နေအိမ်နေရာတို့၌ထားရှိပါ။

ချမ်းမြေ့မေတ္တာတုန့်ပြန်ပါသည်၊

စံ-ဇာဂါသို

ဖုန်း -၀၁-၆၄၁၆၃၉၊

၀၉ ၇၃၁၇၀၇၉၉